# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏၊ အခိုင်အမြဲတည်သော သဒ္ဓါတရား ရှိခြင်းသည် ချမ်းသာ၏၊ အသိဉာဏ်ပညာကို ရခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကို မပြုခြင်း သည် ချမ်းသာ၏။

နာဂဝဂ်(ဓမ္မပဒ-၃၃၃)


၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 9 February 2025 ၁၁၇၂၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးနန်းမြို့ရိုးအနောက်ဘက် စည်ရှည်တံခါးအနီး ရှေးမူမပျက်အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် စည်ရှည်တံတားဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်




**နေပြည်တော် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး မန္တလေး နန်းမြို့ရိုးအနောက်ဘက် စည်ရှည်တံခါး အနီး၌ ရှေးမူမပျက် အသစ်ပြန်လည် တည်ဆောက်ပြီးစီးခဲ့သည့် စည်ရှည် တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ် ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီး များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

**ဖြတ်သန်းကြည့်ရှု**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ စည်ရှည်တံတား ပေါ်မှ ဖြတ်သန်းကြည့်ရှုစဉ်။


**ယနေ့ ဖတ်စရာ**

MSME(အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း) များ၏အစ — ဆောင်းပါး စာမျက်နှာ » ၈

စည်းလုံးညီညွတ်သောအားမာန်များဖြင့် သမိုင်းမှတ်တမ်းကောင်းများ ရေးထိုးကြပါစို့ — ဆောင်းပါး စာမျက်နှာ » ၁၁

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ လုပ်ငန်း/စီးပွား ချိတ်ဆက်မှုပြခန်းတွင် MSME လုပ်ငန်းရှင်များအတွက် ပြည်တွင်း၊ ပြည်ပဈေးကွက်များ ချိတ်ဆက်ဆောင်ရွက်ပေး — စာမျက်နှာ » ၁၃

ကြေးမုံ

# နိုင်ငံနှင့် ပြည်သူများအကျိုးစီးပွားအတွက် နိုင်ငံရေးစားပွဲဝိုင်းတွင် ဆွေးနွေးအဖြေရှာ

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲမသမာမှုကြောင့် ဖြစ်ပေါ်လာသည့် ဒီမိုကရေစီလမ်းကြောင်းပျက်ယွင်းမှုကို ပြန်လည်တည့်မတ်ပေးနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုပ်ငန်းစဉ်အလိုက် အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီရေး၊ နိုင်ငံရေးကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်မကြိုးစားဘဲ လက်နက်ကိုင်လမ်းစဉ်၊ အကြမ်းဖက်လမ်းစဉ်တို့ကို ရွေးချယ်ခဲ့ခြင်းကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားခြင်း၊ ပြည်သူများလိုလားသည့် ဒီမိုကရေစီစနစ်နှင့် အလှမ်းဝေးခြင်း စသည့် အဟန့်အတားများရှိနေသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရေးထက် နယ်မြေအလိုက် အာဏာရရှိရေး ဦးတည်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့တာဝန်စတင်ထမ်းဆောင်ချိန်ကတည်းက နိုင်ငံအတွင်းဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် NCA ပါသဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်နေသည်ကို တွေ့ရမည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များကို ကြိုတင်သတ်မှတ်ချက်မထားဘဲ လွတ်လပ်စွာပြောဆိုဆွေးနွေးရန် ဖိတ်ခေါ်ခဲ့သည်။

ငြိမ်းချမ်းရေးအတွက် ဖွဲ့စည်းထားသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ စတင်ဖွဲ့စည်းချိန်မှ ယနေ့အချိန်အထိ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့ ခုနစ်ဖွဲ့၊ လက်မှတ် ရေးထိုးခြင်းမရှိသည့် အဖွဲ့ခြောက်ဖွဲ့တို့ဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုအကြိမ်ပေါင်း ၁၁၄ ကြိမ် ဆွေးနွေးညှိနှိုင်းခဲ့သည်။ နိုင်ငံရေးပါတီများနှင့် ၂၁ ကြိမ်၊ ငြိမ်းချမ်းရေးလိုလားသည့် အခြားအဖွဲ့အစည်းများနှင့် ၁၀ ကြိမ် တွေ့ဆုံဆွေးနွေး နိုင်ခဲ့သည်။ တွေ့ဆုံဆွေးနွေးမှုများအရ လာမည့်လွှတ်တော်ကာလများတွင် အချို့ကိစ္စရပ်များကို လွှတ်တော်၌ ဆွေးနွေးနိုင်ရေးအတွက် သဘောတူညီချက်များရရှိထားပြီး သဘောတူညီမှုများ ပိုမိုရရှိနိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများ ဆက်လက်ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ၊ အခြေခံအဆောက်အအုံများ၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ များစွာဆုံးရှုံးကြရသဖြင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းနိုင်ရန် ထပ်မံကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် "နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်" ဟု အတိအလင်းပြောကြားထားသလို လက်တွေ့တွင်လည်း ပဋိပက္ခများကြားမှ NCA ပါလမ်းကြောင်းကို မသွေဖည်ဘဲ လျှောက်လှမ်းလျက်ရှိသည်။

လက်ရှိတွင် ရှေ့လုပ်ငန်းစဉ်၏ နောက်ဆုံးအချက်ဖြစ်သည့် "ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်"ဟူသည့် နောက်ဆုံးအချက်အား အကောင်အထည်ဖော်နေသည်ကို တွေ့နိုင်သည်။

ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိမှသာ ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝများ လုံခြုံမှုရရှိနိုင်မည်ဖြစ်သည်။ နိုင်ငံတော်နှင့်ပြည်သူလူထုအကျိုးစီးပွားကို ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ချုပ်ငြိမ်းရေးသည် အရေးကြီးသောအချက်ဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းမှသာ တိုင်းရင်းသားပြည်သူအားလုံး မျှော်လင့်နေသည့် ထာဝရငြိမ်းချမ်းရေးကို ရရှိမည်ဖြစ်သည်။ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြစ်သည့် လွှတ်တော်ဟု ခေါ်ဆိုသော နိုင်ငံရေးစင်မြင့်၊ နိုင်ငံရေးစားပွဲဝိုင်းဟုခေါ်ဆိုသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ရိုးသားပွင့်လင်းစွာ ဆွေးနွေးအဖြေရှာကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဒေသအလိုက် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းမှသာ လွတ်လပ်ပြီး တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲများကျင်းပနိုင်မည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိရန်အတွက် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များအတိုင်း စဉ်ဆက်မပြတ်ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အမြဲတမ်းကြိုဆိုလမ်းဖွင့်ပေးထားသဖြင့် နိုင်ငံနှင့် ပြည်သူအတွက် မှန်ကန်သည့်စိတ်စေတနာဖြင့် နိုင်ငံရေးစားပွဲဝိုင်းပေါ်တွင် တွေ့ဆုံဆွေးနွေးအဖြေရှာကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။

### ၈ - ၂ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်း**မှာ ငွေကျပ် ၅၄၈၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်း ဈေးသတ်မှတ်ရေးကော်မတီ

### ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm

၄။ Myawady Webportal https://myawady.net.mm

၅။ Myanmar National Portal https://myanmar.gov.mm

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စည်ရှည်တံတားကမ္ဗည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

☆ ရှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားလူငယ်မောင်မယ်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းက စည်ရှည်တံတားတည်ဆောက်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က စည်ရှည်တံတားဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်နိုင်ဦးနှင့် မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းတို့က စည်ရှည်တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဗိုလ်ချုပ်ဇော်နိုင်ဦးနှင့် မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းတို့က စည်ရှည်တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားကမ္ဗည်းမော်ကွန်းကျောက်စာအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် စည်ရှည်တံတားအား လှည့်လည်ကြည့်ရှုကြပြီး တိုင်းရင်းသားမောင်မယ်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၄ သို့ ☆

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီးနှင့် မဟာဂန္ဓာရုံကျောင်းတိုက်ဆရာတော်ကြီးတို့၏ ကျန်းမာရေးအခြေအနေများအား သွားရောက်ကြည့်ရှု လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်၊ ရွှေကျိုးမြင်ဘုရားအား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် ဖေဖော်ဝါရီ ၈

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော် သြဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသ၊ သက်တော် ၉၇ နှစ်၊ ဝါတော် ၇၇ ဝါရှိ သက်တော်ရှည် ဆရာတော်ကြီးသည် ပြင်ဦးလွင်မြို့ရှိတပ်မတော်ဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှု ခံယူလျက်ရှိရာမှ ကျန်းမာရေးအခြေအနေပြန်လည် ကောင်းမွန်လာခဲ့ပြီဖြစ်သဖြင့် မဟာဝိဇိတာရုံပရိယတ္တိ စာသင်တိုက်ကြီး၌ ပြန်လည် သီတင်းသုံးတော်မူလျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှသည် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးထားသည့် အခြေအနေများကို မေးမြန်းရာ တာဝန်ရှိသူများက ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို ရှင်းလင်းတင်ပြသည်။ တင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာတော်ကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် အခြေအနေများကို မပြတ်စောင့်ကြည့်၍ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးရန်၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကိုယ်လက်လှုပ်ရှားမှုများကိုလည်း မပြတ်ဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို အလေးထား မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့် ငှက်သိုက်နှင့် စားသောက်ဖွယ်ရာများ၊ နဝကမ္မ အလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းပြီး ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မန္တလေးမြို့တောင်ဘက် အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်သို့ ရောက်ရှိကြပြီး မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယက ချုပ်အဘိဓဇမဟာရဋ္ဌဂုရုဘဒ္ဒန္တကုဏ္ဍလာဘိဝံသ သက်တော် ၉၃ နှစ်၊ ဝါတော် ၇၃ ဝါရှိ သက်တော်ရှည် ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုသည်။ ဆက်လက်၍ ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားပြီး ဆရာတော်ကြီး၏ ကျန်းမာရေးနှင့်ပတ်သက်၍ လိုအပ်သည်များကို အလေးထားဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။ စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးထားသည့် အခြေအနေများကို မေးမြန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသအား အာဟာရဖြည့် ငှက်သိုက်နှင့် စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းစဉ်။

☆ စာမျက်နှာ ၃ မှ

အဆိုပါ မန္တလေးနန်းမြို့ရိုးအနောက်ဘက်ရှိ စည်ရှည်တံတားသည် မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးလက်ထက်၌ မြနန်းစံကျော်ရွှေနန်းတော်နှင့်အတူ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဒုတိယကမ္ဘာစစ်ကာလအတွင်း စစ်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရကြောင်း၊ စည်ရှည်တံတားသည် မန္တလေးနန်းမြို့ရိုး၏ အနောက်ဘက်ထွက်ပေါက် ပင်မတံတားတစ်စင်းဖြစ်ကြောင်း၊ တံတားအား မူလပုံစံအတိုင်း ရှေးမူမပျက်တည်ဆောက်နိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မန္တလေးနန်းတော်ကြီး၏ လေးပြင်လေးရပ်တို့တွင် တစ်ဖက်လျှင် တံခါးပေါက်ကြီး သုံးပေါက်စီဖြင့် တံခါးပေါက် ၁၂ ပေါက် တည်ဆောက်ထားပြီး ထိုသုံးပေါက်၏ အလယ်တံခါးကို ခတ်နာမ်များဖြင့် မှည့်ခေါ်ထားခဲ့ကြောင်းနှင့် ယခုကဲ့သို့ အနောက်ဘက်အရပ်ရှိ စည်ရှည်တံတားကြီးကို ပြန်လည်တည်ဆောက်ခြင်းအားဖြင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြနန်းစံကျော်ရွှေနန်းတော်ကြီး၏ အင်္ဂါရပ်ကို ပြန်လည်၍ ပိုမိုပြည့်စုံစေမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ဂါရဝပြုပေးအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က စည်ရှည်တံတား ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင် ဂါရဝပြုပေးအပ်စဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မန္တလေးမြို့ရှိ ရွှေကျီးမြင်ဘုရား လိုဏ်ဂူတော်အတွင်းရှိ ရွှေကျီးမြင်ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

☆ စာမျက်နှာ ၄ မှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့် ဌက်သိုက်နှင့် စားသောက်ဖွယ်ရာများ၊ နဝကမ္မ အလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ငါးပါးသီလခံယူဆောက်တည်ကြပြီး လှူဒါန်းမှုအစုစုအတွက် အမျှပေးဝေကြကာ ဆရာတော်ကြီးအား ဖူးမြော်ကြည်ညိုခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် မန္တလေးမြို့ရှိ ရွှေကျီးမြင်ဘုရားသို့ ရောက်ရှိကြပြီး ရှေးမြန်မာမင်းမြတ်တို့ ထီးနန်းစဉ်ဆက် ကိုးကွယ်တော်မူခဲ့သည့် မြန်မာပြည်အရပ်ရပ်မှ ဆုတောင်းပြည့်ဆင်းတုတော်များ ကိန်းဝပ်စံပါယ်တော်မူရာ လိုဏ်ဂူတော်အတွင်းရှိ ရွှေကျီးမြင်ရုပ်ပွားတော်အပါအဝင် အညာသီဟတောဘုရား၊ ရွှေကွန်အုပ်ဘုရား၊ မြသိန်းတန်မြတ်စွာဘုရား၊ ရွှေလင်းပင်ဘုရားနှင့် အခြားမြတ်စွာဘုရား၏ ဗုဒ္ဓရုပ်ပွားတော်မြတ်များကို ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ရွှေကျီးမြင်ဘုရားကြီးအတွက် စုပေါင်းဘက်စုံအလှူတော်ငွေများ ပေးအပ်လှူဒါန်းစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘုရားကြီးအတွက် စုပေါင်းဘက်စုံ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုဏ်ဂူတော်အတွင်း ထုဆစ်ပုံဖော်ထားရှိသည့် မြန်မာရိုးရာ အနုသုခုမ အမွေအနှစ်များအား စနစ်တကျထိန်းသိမ်းသွားရန်၊ ဘုရားဖူးလာ မိဘပြည်သူများ စည်းကမ်းရှိစွာဖြင့် ကြည့်ရှုနိုင်ရေး ဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေကျီးမြင်ဘုရား ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး ရွှေကျီးမြင်ဘုရားအား လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်နိုင်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုကာ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ရွှေကျီးမြင်ဘုရား ပရိဝုဏ်တော်အတွင်း တည်ထားကိုးကွယ်ထားရှိသည့် သာသနိကအမွေအနှစ်များကို လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုလနန္ဒာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကုလနန္ဒာဘိဝံသက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဓမ္မလက်ဆောင်များ ပေးအပ်စဉ်။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ပြခန်းစုစုပေါင်း ၉၆ ခန်းဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ပြခန်းအလိုက် ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုအားပေးစဉ်။

**✪ ကျောဖုံးမှ**

ပြည်နယ်များမှ အေဂျင်စီဥက္ကဋ္ဌများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားယဉ်ကျေးမှု အကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားအစီအစဉ်များအလိုက် အစမ်းလေ့ကျင့်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် MSME လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ၊ Digital Corner နည်းပညာပြခန်း၊ MSME နှင့် ချိတ်ဆက်ထားသည့် ဆက်စပ်လုပ်ငန်းပြခန်း၊ Business Matching Hall တွင် ပြည်ပနိုင်ငံများရှိမြန်မာသံရုံးအသီးသီးမှ စီးပွားရေးသံမှူးများနှင့် ပြည်ပပို့ကုန်ပို့လိုသည့် ပြည်တွင်းလုပ်ငန်းရှင်များ အပြန်အလှန် ဆက်သွယ်နိုင်ရေးဆောင်ရွက်ပေးထားမှု ဝန်ဆောင်မှုပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ လုပ်ငန်းရှင်များအတွက် ကြော်ငြာရိုက်ကူးထုတ်လုပ်ပေးနိုင်မှု သရုပ်ပြခန်းအပါအဝင် ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၏ ကဏ္ဍစုံလင်စွာ ပြခန်းအလိုက် ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော်ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ပြည်နယ် ပြခန်းများ၊တိုင်းရင်းသားရိုးရာအစားအစာရောင်းချသည့် ဆိုင်ခန်းများ၊ လုပ်ငန်း/ စီးပွားချိတ်ဆက်မှုများ (B2B)၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းစုစုပေါင်း ၉၆ ခန်းဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး ထုတ်ကုန်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် အမျိုးအစားများအလိုက် ဆုအမျိုးအစားပေါင်း ၃၁ မျိုးအပေါ် Digital Trophy၊ ဂုဏ်ပြုလက်မှတ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး အဆိုပါငွေသားဆုအား ချီးမြှင့်ခံရသူမှ Digital Payment System အသုံးပြု၍ လက်ငင်း E Banking ဖြင့် ငွေသားထုတ်ယူရရှိရေး စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

**သတင်းစဉ်**




## ထုတ်ကုန်ပြပွဲ ယှဉ်ပြိုင်ပွဲ နယ်တကာစုံအတူနွဲ

❖ နိုင်ငံတော် ပြည်တစ်ဝန်းက
ကြည့်ရှင်လန်း ဆွေညီဖော်တို့
နေပြည်တော် တပေါင်းကွင်းမှာတဲ့
အကြောင်းရင်း ဖွေရှာတော့
ကောင်းသတင်း သချာတာက
ခင်းကျင်းကာ စုံလင်ပြမယ့်
ဂုဏ်အင်လှ ပြခန်းအထွေထွေပေါ့
အံ့မခန်း ရှုစမ်းအဆွေတို့
ဆန်းသစ်စေ ထုတ်ကုန်များရယ်နဲ့
တိုးပွားဖို့ ကြိုးစားနေ။

❖ ပြုံးပန်းက တဝေဝေ
မရှုံးတမ်းလေ မြတ်စိတ်ထားရယ်နဲ့
အများပြည်သူ ပျော်ရွှင်ပွဲမို့
ဆင်နွှဲကာ ကိုယ်စီဟန်နဲ့
မြန်မာမှန် နိုင်ငံချစ်ပါလို့
အသစ်အသစ် နည်းလမ်းအလီလီပေါ့
ခေတ်စနစ်မီ ရောင်းဝယ်ပြုတဲ့
စက်မှုထုတ်ကုန် အဆင့်မြင့်မားတယ်
အားရစရာတွေ။

❖ အသေး အငယ် အလယ် အလတ်ရယ်နဲ့
အတွေးကြွယ် ပေါင်းကာစပ်လို့
ထူးမြတ်စရာ အမျိုးသားရေးမို့
စီးပွားရေးမှာ ယှဉ်ပြိုင်လာ
နိုင်သူမှာ ရွှင်နှလုံးရယ်နဲ့
ရှုံးသူမှာ အစဉ်ပြုံးပါလို့
အကောင်းဆုံး တာဝန်ကျေ
ရေရှည်အတွက် ဖွံ့ဖြိုးရေး။

❖ ပြည်ပပို့ကုန် တိုးကာမြှင့်ဖို့
အရည်အသွေးမြင့် ထုတ်ကုန်တွေ
ရှုကြည့်စေ အမြင်ဆန်းပါရဲ့
အံ့မခန်း ဈေးပွဲတော်ရယ်လို့
ကြွေးကြော်ကာ တပျော်တပါးပါပဲ
ကြွရောက်ကာ အားပေး
စီးပွားရေးမှာ အောင်မြင်မှုတွေနဲ့
ကြီးမားအတွေး အောင်ဇေယျတုပါပဲ
(၇၈-နှစ်မြောက် ပြည်ထောင်စုနေ့ကို...)
ဂုဏ်ပြုတယ်လေး။ ။

(ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကိုဂုဏ်ပြုပါသည်)

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဧရာဝတီမြစ်ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေး ကမ်းထိန်းတမံတည်ဆောက်နေမှုနှင့် သောင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး





ရန်ကုန် ဖေဖော်ဝါရီ ၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ဧရာဝတီမြစ်ကမ်းပါးရှိအိပ်ပျက်ကျေးရွာအုပ်စုအတွင်းရှိကျေးရွာများနှင့် ရေကြီးရေလျှံမှု ကာကွယ်ရေးတာများ ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေးအတွက် ကမ်းထိန်းတမံ တည်ဆောက်နေမှုနှင့် သောင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဧရာဝတီမြစ်အတွင်းမှ ရေယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးစဉ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများက လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရေးဆွဲထားသော လုပ်ငန်းအချိန်ဇယားအတိုင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်၊ အရည်အသွေး စံချိန်စံညွှန်း ပြည့်မီရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမြန်ရေယာဉ်ဖြင့် ဆက်လက်ထွက်ခွာပြီး ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ဧရာဝတီမြစ်ကမ်းပါး ဘေးရှိ အုန်းကုန်းကျေးရွာ ရေတိုက်စားကမ်းပြိုမှုနှင့် ရေကြီးရေလျှံမှု ကာကွယ်ရေးတာများ ရေတိုက်စားကမ်းပြိုမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးနိုင်မည့် အစီအမံများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက ထိရောက်အကျိုးရှိစေသည့် ရေရှည်အစီအမံများ သေချာ လေ့လာရေးဆွဲပြီး အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ နိုင်လွန်ကတ္တရာလမ်း လေးလမ်း ဖွင့်လှစ်



မုံရွာ ဖေဖော်ဝါရီ ၈

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဆူးလေကုန်းရပ်ကွက်ရှိ ပေပင်ကျောင်းလမ်း၊ ဈေးလမ်း၊ ယွန်းကျောင်းလမ်းနှင့် အောင်မင်္ဂလာရပ်ကွက် မြိုင်ဝေဆာလမ်း စုစုပေါင်းနိုင်လွန်ကတ္တရာလမ်း လေးလမ်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် အဆိုပါလမ်းသစ်မုခ်ဦးရှေ့၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုလွင်တို့က နိုင်လွန်ကတ္တရာလမ်းလေးလမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်လွန်ကတ္တရာလမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အဆိုပါ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မုံရွာမြို့ ဆူးလေကုန်းရပ်ကွက်ရှိ ပေပင်ကျောင်းလမ်းသည် အရှည်ပေ ၁၂၆၀၊ အကျယ် ၁၄ ပေ၊ သုံးလက်မခွဲထု၊ ဈေးလမ်းသည် အရှည်ပေ ၁၉၂၀၊ အကျယ် ၁၄ ပေ၊ သုံးလက်မခွဲထု၊ ယွန်းကျောင်းလမ်းသည် အရှည် ပေ ၁၃၇၀၊ အကျယ် ၁၄ ပေ၊ သုံးလက်မခွဲထုနှင့် အောင်မင်္ဂလာရပ်ကွက်၊ မြိုင်ဝေဆာလမ်းသည် အရှည် ပေ ၈၅၀၊ အကျယ် ၁၄ ပေ၊သုံးလက်မခွဲထု နိုင်လွန်ကတ္တရာလမ်းများဖြစ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ဘောလုံးကွင်းပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး KG ကျောင်းသားကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး သမဝါယမကောလိပ် (ဖောင်ကြီး)၏ ဒီပလိုမာအပ်နှင်းပွဲ တက်ရောက်




နေပြည်တော် ဖေဖော်ဝါရီ ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမကောလိပ် (ဖောင်ကြီး)၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အထိ စီးပွားရေးလုပ်ငန်း စာရင်းကိုင်ဒီပလိုမာ (Diploma in Business Accounting)၊ ဈေးကွက်ဖော်ဆောင်ရေး စီမံခန့်ခွဲမှုဒီပလိုမာ (Diploma in Marketing Management)၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှုဒီပလိုမာ (Diploma in Regional Development)၊ အသုံးချစာရင်းအင်းဒီပလိုမာ (Diploma in Applied Statistics)၊ လူမှုစီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဒီပလိုမာ (Diploma in Social Enterprises Management) လက်မှတ်များအပ်နှင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဖောင်ကြီးကောလိပ်စုဝေးခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်) ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သမဝါယမကောလိပ် (ဖောင်ကြီး) ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဒီပလိုမာလက်မှတ်ရ ကျောင်းသားကျောင်းသူ ၂၇၈ ဦးနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံကို အလေးပြုကြပြီး ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် ပညာသင်နှစ်အလိုက် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကို ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် သမဝါယမကောလိပ် ကျောင်းအုပ်ကြီး ဦးရဲမြင့်သန်းတို့က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဇဟိုသမဝါယမအသင်းက စိုက်ပျိုးမြေ ၅၈ ဧကတွင် ကြက်သွန်သီးနှံ ရှစ်ဧက စိုက်ပျိုးထားရှိမှု၊ နှစ်ရှည်ပင်များ စိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အုတ်ပုံကျေးရွာသို့ သွားရောက်၍ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အုတ်ပုံနှင့် အကယ်ကျေးရွာ၊ ကျေးရွာချင်းဆက်လမ်းပေါ်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယာယီတည်ဆောက်ပေးထားသော ပေ ၆၀ ဘေလီတံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက တံတားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးက ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့အတွက် ဂုဏ်ပြုငွေများပေးအပ်၍ ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ပန်းတောကြီးကျေးရွာတွင် ဖွင့်လှစ်သင်ကြားပေးခဲ့သည့် တစ်လုံးထိုးအင်ဂျင်ပြင်သင်တန်း တက်ရောက်အောင်မြင်ပြီး ကိုယ်ပိုင်လုပ်ငန်းထူထောင် လုပ်ကိုင်ဆောင်ရွက်နေသော ဦးမြင့်မြတ်နှင့် ဦးမင်းကိုတို့၏ ဆိုင်ကယ်ပြင်လုပ်ငန်းကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြို့နယ်တာဝန်ရှိသူများနှင့် အုပ်ချုပ်ရေးမှူးများ၊ ဆီထွက်သီးနှံ မြေပဲနှင့် နှမ်းစိုက်ပျိုးသည့် တောင်သူများ၊ ထွန်းသစ်စ မျိုးစေ့ထုတ်သမဝါယမအသင်း၏ အသင်းသူ အသင်းသားများနှင့် တွေ့ဆုံပြီး လိုအပ်သည်များမှာကြားကာ ထွန်းသစ်စ မျိုးစေ့ထုတ်သမဝါယမအသင်းအတွက် အထွက်တိုး မြေပဲမျိုးများဖြစ်သော မကွေး-၁၆ မြေပဲမျိုးနှင့် ရမည်းသင်းဒေသအခေါ် ကြွေးကျေမျိုး ဆင်းပဒေသာ-၁၁ မြေပဲမျိုး စုစုပေါင်း တင်း ၃၀ နှင့် သိမ်းငှက်သဘာဝမြေဩဇာအိတ် ၆၀ တို့ကို ပေးအပ်ရာ အသင်းဝင်မြေပဲစိုက်တောင်သူများက လက်ခံရယူကြသည်။

ထို့နောက် ငဝန်မြစ်အနောက်ဘက်ကမ်းကျေးရွာအုပ်စုများဖြစ်သော ဘိသလွန်၊ ဒေါင့်ကြီး၊ ခြောက်ဆယ်၊ သောင်ဘုတ်နှင့် မဲစလီကျေးရွာအုပ်စု ငါးအုပ်စုမှ မြစ်ကမ်းပြို၍ နေအိမ်များရွှေ့ပြောင်းရသော အိမ်ထောင်စု ၁၉ စုတို့အတွက် Hygene Kit များ ပေးအပ်ရာ သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများ ကိုယ်စား ကိုယ်စားလှယ်များက လက်ခံရယူကြကာ တက်ရောက်လာသူများ၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# MSME (အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း) များ၏အစ

**ပီပီပီ(စက်မှု)**

**၁၈ ရာစုနောက်ပိုင်း ပထမစက်မှုတော်လှန်ရေးဖြစ်ပေါ်လာပြီး လက်မှုပညာနှင့် လယ်ယာလုပ်ငန်းများမှ စက်မှုအခြေပြုထုတ်လုပ်မှုစနစ်များ ထွန်းကားလာခြင်းကြောင့် MSME စတင်ပေါ်ထွန်းလာခြင်းဖြစ်ပါသည်။ အထူးသဖြင့် အထည်အလိပ်၊ အသေးစားစာပေထုတ်လုပ်မှုလုပ်ငန်း၊ အသေးစားသံမဏိထုတ်လုပ်ငန်းများပေါ်ထွန်းလာသည်။**

> **သုတေသနပြုချက်များအရ အင်္ဂလန်နိုင်ငံ၌ အသေးစားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံ့လုပ်သားအင်အား၏ ၂၅ ရာခိုင်နှုန်းဖြစ်သည့် လူဦးရေ ခြောက်သန်းခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး စုစုပေါင်းတိုင်းပြည်ထုတ်ကုန်တန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကို ပံ့ပိုးပေးပါကြောင်း၊ ယင်းလုပ်ငန်းများသည် ထုတ်ကုန်နှင့် ဝန်ဆောင်မှုအသစ်အဆန်းများဖြင့် ဈေးကွက်ထိုးဖောက်နိုင်ပြီး ဆန်းသစ်တီထွင်မှုဖြင့် ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရာတွင်လည်း အရေးပါသောအခန်းကဏ္ဍမှပါဝင်ပါကြောင်း၊ ထို့အပြင် အသေးစားစီးပွားရေးလုပ်ငန်းများသည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းအားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြု**

ဒုတိယစက်မှုတော်လှန်ရေး (၁၈၇၀–၁၉၁၄) တွင် အမြောက်အမြားထုတ်လုပ်မှု (Mass Production) စနစ်ကြောင့် အသေးစားကုန်ထုတ်လုပ်ငန်းများပါ ထွန်းကားလာပြီး အကြီးစားစက်မှုစီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်သည့်စနစ် ပေါ်ပေါက်ခဲ့သည်။ သို့ရာတွင် အကြီးစားစက်မှုလုပ်ငန်းများသည် ပြည်သူများ အလုပ်အကိုင်ရရှိရန် ဆောင်ရွက်နိုင်ခြင်းမရှိသည့်အတွက် လူမှုစီးပွားပြဿနာများ ဖြေရှင်းရန် အဖြေရှာခဲ့ကြရာ ဘော်လ်တွန်အစီရင်ခံစာက အသေးစားလုပ်ငန်းများ၏အရေးပါပုံကို ဖော်ထုတ်ခဲ့ကြပါသည်။

**ဘော်လ်တွန်အစီရင်ခံစာ**

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အသေးစားစီးပွားရေးလုပ်ငန်းများသည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေကြောင်း သမိုင်းကြောင်းအထောက်အထားများအရ လေ့လာတွေ့ရှိနိုင်ပါသည်။ အင်္ဂလန်နိုင်ငံတွင်လည်း အသေးစားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးတွင် အဓိကကျကြောင်း သိမြင်လာပြီးနောက် စီးပွားရေးလုပ်ငန်းများအား လေ့လာဆန်းစစ်ခဲ့ပြီး ဘော်လ်တွန်အစီရင်ခံစာ ထုတ်ပြန်ခဲ့ပါသည်။

**၁။ အစီရင်ခံစာထုတ်ပြန်သည့်အကြောင်းရင်း**

အင်္ဂလန်နိုင်ငံတွင် စက်မှုလုပ်ငန်းများသည် ၁၇ ရာစုမှ စတင်ဖွံ့ဖြိုးလာခဲ့ပြီး အစိုးရသည် ၁၉၆၀ ပြည့်နှစ်မတိုင်မီကာလအထိ လုပ်ငန်းကြီးများကိုသာ ပံ့ပိုးပေးရန် အာရုံထားခဲ့ကာ လုပ်ငန်းငယ်များအတွက် အစိုးရကပံ့ပိုးပေးမှုမရှိခဲ့ပါ။ ၁၉၆၀ ပြည့်နှစ်နောက်ပိုင်းတွင် လုပ်ငန်းကြီးများသာ နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သည်ဟူသော ယုံကြည်ချက်များ စတင်ပြောင်းလဲလာခဲ့ပြီး လုပ်ငန်းငယ် (Small Business) များကိုပါ ပံ့ပိုးပေးရန် လိုအပ်လာကြောင်းသိရှိခဲ့ကာ ၁၉၆၉ ခုနှစ်တွင် အစိုးရသည် အသေးစားစီးပွားရေးလုပ်ငန်းများ စုံစမ်းရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီး Mr. J E Bolton အား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။ ကော်မတီသည် လုပ်ငန်းငယ်များအတွက် ပံ့ပိုးကာကွယ်ပေးနိုင်ရန် လေ့လာဆန်းစစ်မှုများပြုလုပ်ခဲ့ပြီးနောက် ၁၉၇၁ ခုနှစ် နိုဝင်ဘာလတွင် ဘော်လ်တွန်အစီရင်ခံစာဟုခေါ်သည့် Report of the Committee of Inquiry on Small Firms အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါသည်။

**၂။ အစီရင်ခံစာ၏ရည်ရွယ်ချက်နှင့် လေ့လာတွေ့ရှိချက်**

ဘော်လ်တွန်အစီရင်ခံစာသည် အင်္ဂလန်နိုင်ငံရှိ အသေးစားစီးပွားရေးလုပ်ငန်းများအပေါ် လေ့လာတွေ့ရှိချက်များနှင့် အကြံပြုချက်များကို တင်ပြထားခြင်းဖြစ်ပါသည်။ J.E. Bolton က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် စုံစမ်းရေးကော်မတီသည် နိုင်ငံ့စီးပွားရေးတွင် အသေးစားစီးပွားရေးလုပ်ငန်းများ၏ အရေးပါမှုကိုသိရှိရန်၊ ယင်းလုပ်ငန်းများ ကြုံတွေ့နေရသည့်စိန်ခေါ်မှုများကို လေ့လာသိရှိကာ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မည်ကဲ့သို့ပံ့ပိုးကူညီပေးရမည်ဟူသည့် အကြံပြုချက်များကို အဆိုပြုတင်သွင်းနိုင်ရန်ရည်ရွယ်၍ လေ့လာမှုကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ဤလေ့လာမှုတွင် လုပ်သားအင်အား ၂၀၀ ထက်နည်းသောလုပ်ငန်းများအား အသေးစားစီးပွားရေးလုပ်ငန်းများဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ အသေးစားစီးပွားရေးလုပ်ငန်းများသည် အလုပ်အကိုင်ဖန်တီးပေးနိုင်မှု၊ တီထွင်ဆန်းသစ်မှု၊ ယှဉ်ပြိုင်နိုင်မှုနှင့် ဒေသခံလူထု၏ လူမှုစီးပွားဘဝမြှင့်တင်မှုများအတွက် အလွန်ပင်အရေးပါကြောင်း တွေ့ရှိခဲ့ပါသည်။

သုတေသနပြုချက်များအရ အင်္ဂလန်နိုင်ငံ၌ အသေးစားစီးပွားရေးလုပ်ငန်းများသည် နိုင်ငံ့လုပ်သားအင်အား၏ ၂၅ ရာခိုင်နှုန်းဖြစ်သည့် လူဦးရေ ခြောက်သန်းခန့်ကို အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပြီး စုစုပေါင်းတိုင်းပြည်ထုတ်ကုန်တန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကို ပံ့ပိုးပေးပါကြောင်း၊ ယင်းလုပ်ငန်းများသည် ထုတ်ကုန်နှင့် ဝန်ဆောင်မှုအသစ်အဆန်းများဖြင့် ဈေးကွက်ထိုးဖောက်နိုင်ပြီး ဆန်းသစ်တီထွင်မှုဖြင့် ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ရာတွင်လည်း အရေးပါသောအခန်းကဏ္ဍမှပါဝင်ပါကြောင်း၊ ထို့အပြင် အသေးစားစီးပွားရေးလုပ်ငန်းများသည် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းအားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုကာ အထူးသဖြင့် ကျေးလက်ဒေသများရှိ ဒေသန္တရစီးပွားရေးကို ဖော်ဆောင်ပေးနိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်သော အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါကြောင်း အစီရင်ခံတင်ပြထားပါသည်။

**၃။ အစီရင်ခံစာပါ အကြံပြုချက်များ**

ဘော်လ်တွန်အစီရင်ခံစာသည် လုပ်ငန်းငယ်များ ရင်ဆိုင်နေရသော စိန်ခေါ်မှုများကိုဖြေရှင်းရန်နှင့် အဆိုပါလုပ်ငန်းငယ်များအား ပံ့ပိုးကူညီမှုများကို မြှင့်တင်ဆောင်ရွက်ရန် အဓိကအကြံပြုချက်များစွာပေးခဲ့ပါသည်။ အကြံပြုချက်တွင်–

- အသေးစားလုပ်ငန်းများသည် ကုန်သွယ်မှုနှင့်စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့ပြုသည့် လုပ်ငန်းများဖြစ်သဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် မူဝါဒဆိုင်ရာပံ့ပိုးကူညီမှုနှင့် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်အတွက် အဓိကတာဝန်ယူဆောင်ရွက်မည့် အစိုးရဌာနတစ်ခုဖွဲ့စည်းရန် လိုအပ်ကြောင်း၊
- ထိုဌာနကို ကုန်သွယ်မှု သို့မဟုတ် စက်မှုဌာနအတွင်းတွင် ဖွဲ့စည်းပေးရန် လိုအပ်ကြောင်း၊
- အစိုးရ၏ ဝယ်ယူရေးလုပ်ငန်းစဉ်များတွင် အသေးစားစီးပွားရေးလုပ်ငန်းများ ပါဝင်လာနိုင်စေရန် ပံ့ပိုးပေးရန်လိုအပ်ကြောင်း၊
- စွန့်ဦးတီထွင်သူများကို အားပေးသည့်အနေဖြင့် ကောက်ခံသည့်အခွန်နှင့်စပ်လျဉ်း၍ အခွန်မူဝါဒအသစ် ရေးဆွဲရန်လိုအပ်ကြောင်း အကြံပြုထားပါသည်။

အထက်ဖော်ပြပါ အဖွဲ့အစည်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများအပြင်–

- အသေးစားစီးပွားရေးလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်နှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ တိုးတက်မှုများအတွက် စီမံခန့်ခွဲမှု၊ ဈေးကွက်ချဲ့ထွင်မှုနှင့် ဆန်းသစ်တီထွင်မှုဆိုင်ရာ အကြံပေးဝန်ဆောင်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးရန်၊
- နည်းပညာအသစ်များအသုံးချနိုင်ရေး လေ့ကျင့်ရေးအစီအစဉ်များ ပံ့ပိုးပေးရန်၊
- အသေးစားလုပ်ငန်းများအကြား အချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းကို မြှင့်တင်ပေးရန်၊
- နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်၏ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများတွင် အသေးစားစီးပွားရေးလုပ်ငန်းများ၏ အရေးပါမှုကိုအသိအမှတ်ပြု၍ ရပ်ရွာလူမှုဖူလုံရေးနှင့် ကျွမ်းကျင်လုပ်သားအင်အား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းငယ်များအား ပံ့ပိုးကူညီမှုဆိုင်ရာမူဝါဒများ လိုအပ်ကြောင်း၊
- စီမံခန့်ခွဲမှုနှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရန် ရည်ရွယ်သည့် လေ့ကျင့်ရေးအစီအစဉ်များသည်လည်း ပညာရေးကွာဟချက်များအား ဖြေရှင်းရာတွင် အရေးပါကြောင်း အကြံပြုထားပါသည်။

အချုပ်အားဖြင့်–

- ဘော်လ်တွန်အစီရင်ခံစာတွင် အသေးစားစီးပွားရေးလုပ်ငန်းများသည် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါကြောင်း၊
- အသေးစားစီးပွားရေးလုပ်ငန်းများအနေဖြင့် ငွေကြေးဆိုင်ရာစိန်ခေါ်မှုများနှင့် အခြားသောစိန်ခေါ်မှုများကို ရင်ဆိုင်နေကြရပါကြောင်း၊
- အဆိုပါလုပ်ငန်းများသည် အကြီးစားလုပ်ငန်းများအတွက် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်လုံး အထောက်အကူပြု၊ အထောက်အပံ့ပြုသူများဖြစ်သည့်အတွက် ကျန်းမာသော စီးပွားရေးရပ်ဝန်းတစ်ခုတွင် မရှိမဖြစ်သော လုပ်ငန်းများဖြစ်ပါကြောင်း၊
- အသေးစားစီးပွားရေးလုပ်ငန်းများ ဆက်လက်ရှင်သန်ပြီး နိုင်ငံတော်သာယာဝပြောရေးကို အထောက်အကူပြုနိုင်သည့် ဟန်ချက်ညီပြီး ခံနိုင်ရည်ရှိသောစီးပွားရေးကို ထိန်းသိမ်းရန်အတွက် အစိုးရကပံ့ပိုးမြေတောင်မြှောက်ပေးရန် လိုအပ်ကြောင်း စသည်ဖြင့် အစီရင်ခံတင်ပြထားပါသည်။

**အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများစတင်ချမှတ်ခဲ့သည့်နိုင်ငံများ**

အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) သည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ၁၉ ရာစုနှောင်းပိုင်းနှင့် ၂၀ ရာစုအစောပိုင်းကာလများတွင် စက်မှုတော်လှန်ရေးနှင့်အတူ SME များ တဖြည်းဖြည်းပေါ်ထွန်းလာခဲ့ပါသည်။ နိုင်ငံအသီးသီးတွင် စီးပွားရေးမူဝါဒများ၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုများနှင့်အညီ SME များကို ပံ့ပိုးမှုများ ဆောင်ရွက်ခဲ့ကြပါသည်။

**၁။ ဥရောပနိုင်ငံများ (Europe)**

**(က) အင်္ဂလန်နိုင်ငံ (United Kingdom)**

အင်္ဂလန်နိုင်ငံတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) သည် ၁၉ ရာစု စက်မှုခေတ်ပြောင်းတော်လှန်ရေးနောက်ပိုင်းတွင် လက်မှုလုပ်ငန်းများနှင့် အသေးစားထုတ်လုပ်မှုလုပ်ငန်းများအဖြစ် စတင်ပေါ်ပေါက်ခဲ့ပါသည်။ ၁၉၇၀ နှင့် ၁၉၈၀ ပြည့်နှစ်များတွင် အကြီးစားကုမ္ပဏီများမှ အသေးစားစီးပွားရေးလုပ်ငန်းများသို့ ဦးတည်မှုများ ပြောင်းလဲလာခဲ့ပါသည်။ ၁၉၈၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၏ "အသေးစားစီးပွားရေးလုပ်ငန်းများဥပဒေ" (UK Small Business Act) ကို ပြဋ္ဌာန်းကာ SME များအတွက် ပံ့ပိုးမှုများ တိုးမြှင့်ဆောင်ရွက်ခဲ့ပါသည်။

**(ခ) ဂျာမနီနိုင်ငံ (Germany)**

ဂျာမနီနိုင်ငံတွင် "Mittelstand" ဟုခေါ်သော အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) သည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံဖြစ်ပါသည်။ ၁၉၄၅ ခုနှစ်နောက်ပိုင်း စစ်ပြီးကာလ ပြန်လည်ထူထောင်ရေးတွင် SME များအတွက် ဘဏ်ချေးငွေပံ့ပိုးမှုများနှင့် နည်းပညာဖွံ့ဖြိုးမှုများကို အလေးထားဆောင်ရွက်ခဲ့ပါသည်။ ဂျာမနီနိုင်ငံသည် ဥရောပ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းမူဝါဒမူဘောင်တွင် ဦးဆောင်နိုင်ငံတစ်ခုအဖြစ် ရပ်တည်ခဲ့ပါသည်။

**(ဂ) ပြင်သစ်နိုင်ငံ (France)**

၁၉၅၀ ပြည့်နှစ်နှင့် ၁၉၆၀ ပြည့်နှစ်များအတွင်း ပြင်သစ်နိုင်ငံတွင် အသေးစားထုတ်လုပ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ သိသာစွာတိုးတက်လာခဲ့ပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် SME များအတွက် ဥပဒေများပြဋ္ဌာန်းခဲ့ပြီး ဥရောပဈေးကွက်အတွင်း SME များ ပါဝင်နိုင်ရန် အစိုးရက လမ်းဖောက်ပေးခဲ့ပါသည်။

**၂။ အမေရိကန်ပြည်ထောင်စု (United States)**

၁၉၃၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စုသည် စီးပွားပျက်ကပ်ကြောင့်ထိခိုက်ခဲ့သည့် SME များကို ပံ့ပိုးကူညီခဲ့ပါသည်။ ၁၉၅၃ ခုနှစ်တွင် "အသေးစားစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှု အေဂျင်စီ" (Small Business Administration – SBA) ကို တည်ထောင်ကာ SME များအား ချေးငွေများနှင့် နည်းပညာပံ့ပိုးမှုများပေးခဲ့ပါသည်။ ၁၉၈၀ နှင့် ၁၉၉၀ ပြည့်နှစ်များတွင် နည်းပညာနှင့် အင်တာနက်တိုးတက်မှုများကြောင့် SME များ ပိုမိုအားကောင်းလာခဲ့ပါသည်။

စာမျက်နှာ ၉ သို့ ❖

❖ စာမျက်နှာ ၈ မှ

**၃။ အရှေ့အာရှ (East Asia)**

**(က) ဂျပန်နိုင်ငံ (Japan)**

၁၉၅၀ နှင့် ၁၉၆၀ ပြည့်နှစ်များတွင် ဂျပန်နိုင်ငံ၏ စက်မှုလုပ်ငန်းများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး အသေးစားထုတ်လုပ်မှုလုပ်ငန်းများ ပေါ်ထွန်းလာခဲ့ပါသည်။ ၁၉၆၃ ခုနှစ်တွင် "SME အခြေခံဥပဒေ" (Small and Medium Enterprise Basic Law) ကို ပြဋ္ဌာန်းကာ SME လုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးမူဝါဒများ ချမှတ်ပေးခဲ့ပါသည်။ တိုယိုတာ၊ ဆိုနီ၊ ဟွန်ဒါ ကဲ့သို့သော ကုမ္ပဏီကြီးများသည်လည်း SME များ၏ ထောက်ပံ့မှုများကိုအသုံးပြုကာ လုပ်ငန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့ကြပါသည်။

**(ခ) တရုတ်နိုင်ငံ (China)**

၁၉၉၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံ၏ အထူးစီးပွားရေးဇုန်များမှ တစ်ဆင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (SME) များ သိသာစွာတိုးတက်လာခဲ့ပါသည်။ ထိုဇုန်များသည် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုသည့် မူဝါဒများနှင့် အခွင့်အရေးများကို ဖန်တီးပေးခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် Alibaba၊ Tencent၊ Huawei ကဲ့သို့သော ကြီးမားသည့် တီထွင်ဖန်တီးမှု ကုမ္ပဏီများသည် SME များကိုအခြေခံကာ တည်ဆောက်လာခဲ့ကြပါသည်။ ထိုကုမ္ပဏီကြီးများသည် SME များ၏ ပံ့ပိုးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်မှုများရရှိလာခဲ့ခြင်းဖြစ်ပါသည်။

**(ဂ) တောင်ကိုရီးယားနိုင်ငံ (South Korea)**

၁၉၆၀ ပြည့်နှစ်အတွင်း ကိုရီးယားနိုင်ငံ၏ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကာလ (Korean Industrialization Period) တွင် ဆမ်ဆောင်း၊ ဟွန်ဒိုင်း၊ LG ကဲ့သို့သော ကုမ္ပဏီကြီးများ (Chaebol) နှင့် အသေးစားနှင့်အလတ်စားလုပ်ငန်း (SME) များအကြား ပူးပေါင်းဆောင်ရွက်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ထိုပူးပေါင်းမှုများသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ ၁၉၉၇ ခုနှစ် အာရှငွေကြေးအကျပ်အတည်း (Asian Financial Crisis) အပြီးတွင် SME များအား ငွေကြေးပံ့ပိုးမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုပံ့ပိုးမှုများသည် SME များ၏ လုပ်ငန်းများ ပြန်လည်ထူထောင်ရေးနှင့် တည်ငြိမ်စွာရပ်တည်နိုင်ရေးအတွက် အထောက်အကူပြုခဲ့ပါသည်။

အချုပ်အားဖြင့် SME မူဝါဒများကို ဥရောပနိုင်ငံများ (ဥပမာ – အင်္ဂလန်၊ ဂျာမနီ ၊ ပြင်သစ်နိုင်ငံ) နှင့် အမေရိကန်နိုင်ငံတို့က စတင်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါသည်။ အရှေ့အာရှနိုင်ငံများ (ဥပမာ – ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနိုင်ငံ) ကမူ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ SME များကို အရေးပေးလာခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်တွင် နည်းပညာနှင့် ဒစ်ဂျစ်တယ်ပြောင်းလဲမှုများ (Technology & Digitalization) ၏ အထောက်အပံ့ဖြင့် SME လုပ်ငန်းများ ပိုမိုတိုးတက်လာခဲ့ပါသည်။ ယခုအခါတွင် SME များသည် နိုင်ငံတကာစီးပွားရေးတွင် စုစုပေါင်းပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး (Gross Domestic Product – GDP) ၏ ၅၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ပံ့ပိုးပေးနိုင်သည့် အဓိကစီးပွားရေးအင်အားစုတစ်ခုဖြစ်လာခဲ့ပါသည်။

**မြန်မာနိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုများ**

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) သည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ MSME လုပ်ငန်းများသည် စုစုပေါင်းပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး (Gross Domestic Product – GDP) ၏ သိသာထင်ရှားသော အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်မှုနှင့် ဒေသဖွံ့ဖြိုးရေးတို့တွင် အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးသမိုင်းကြောင်းတစ်လျှောက်တွင် အစိုးရက MSME များအား ဖွံ့ဖြိုးတိုးတက်စေရန် ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများချမှတ်၍ ပံ့ပိုးမှုများကို အဆင့်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

**၁။ MSME ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်ရွက်မှုသမိုင်းကြောင်း**

**၁၉၉၇ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း**

- အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါကြောင်း စတင်သတ်မှတ်ခဲ့ပါသည်။
- အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် အာဆီယံအဖွဲ့အစည်း၏ လမ်းညွှန်ချက်နှင့်အညီ အာဆီယံ စီးပွားရေးအသိုက်အဝန်းကို အတူတကွအကောင်အထည်ဖော်ရာ၌ ကဏ္ဍတစ်ခုဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန် အာဆီယံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအဖွဲ့ (ASEAN Small and Medium Enterprise Working Group – ASEAN SMEWG) တွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

**၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း**

- ၂၀၁၂ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် စက်မှုဝန်ကြီးဌာန လက်အောက်တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတာဝန်ခံ (Focal) ဌာနအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။
- အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာနကို ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအဖြစ် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအောက်တွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)/ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးရုံး ၁၅ ရုံး၊ ခရိုင်ဦးစီးရုံး ၃၅ ရုံးတို့ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ယခုအချိန်တွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)/ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးရုံး ၁၅ ရုံး၊ ခရိုင်ဦးစီးရုံး ၄၀ စုစုပေါင်း ၅၅ ရုံးအထိ တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။

> ❝MSME လုပ်ငန်းများကို အဓိကအားဖြင့် ထုတ်လုပ်မှု(Manufacturing)၊ ကုန်သွယ်မှု (Trading)၊ ဝန်ဆောင်မှု (Services) နှင့် အခြားဟူ၍ ကဏ္ဍများခွဲခြားထားပြီး ထိုကဏ္ဍအသီးသီးရှိ MSME လုပ်ငန်းများသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသောအင်အားစုများဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းများအား ထိရောက်စွာ ပံ့ပိုးပေးခြင်းအားဖြင့် ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့်အပြင် ဒေသခံများ၏ ဝင်ငွေတိုးတက်စေမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ကာ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာမည်❞

**၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း**

- မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမောင်းနှင်အားနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ကျောရိုးမဏ္ဍိုင်ဖြစ်သော၊ စီးပွားရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော်ဖြစ်သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ရှင်သန်ဖြစ်ထွန်းတိုးတက်လာစေရန် ထောက်ပံ့ဆောင်ရွက်ပေးရမည့် လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာနှင့် တီထွင်ဖန်တီးမှု၊ ငွေကြေးအရင်းအမြစ်ရရှိရေး၊ အခြေခံအဆောက်အအုံ ဈေးကွက်နှင့် စီးပွားရေးဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာစေရေး စသည်တို့ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ၉–၄–၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ မူဝါဒကို ၂၄–၁၂–၂၀၁၅ ရက်နေ့တွင် လည်းကောင်း၊ နည်းဥပဒေများကို ၁၃–၁၀–၂၀၁၆ ရက်နေ့တွင်လည်းကောင်း ပြဋ္ဌာန်းထုတ်ပြန်ဆောင်ရွက်ခဲ့ပါသည်။

**၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း**

- အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME) များ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဒေသတစ်ခုနှင့်တစ်ခု အားသာချက်၊ အားနည်းချက်များ၊ ဦးစားပေးကဏ္ဍများ ကွဲပြားခြားနားမှုကြောင့် ဒေသတစ်ခုချင်းစီအလိုက် "အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်" (MSME Development Action Plan) များရေးဆွဲခဲ့ပြီး MSME လုပ်ငန်းများအား နည်းပညာနှင့် ငွေကြေးအထောက်အပံ့များ ပံ့ပိုးပေးခဲ့ပါသည်။
- နိုင်ငံတစ်ဝန်း MSME ထုတ်ကုန်ပြပွဲများ (MSME Expo) ကို စတင်ကျင်းပခဲ့ပြီး MSME လုပ်ငန်းများအတွက် ဈေးကွက်ချဲ့ထွင်မှု၊ ရင်းနှီးမြှုပ်နှံမှုဆွဲဆောင်မှုများအတွက် အခွင့်အလမ်းများ ဖန်တီးပေးခဲ့ပါသည်။

**၂၀၂၁ ခုနှစ်မှ ယနေ့အထိ**

- MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန် နိုင်ငံတော်ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အဖွဲ့ဝင် ၂၃ ဦး ပါဝင်သော "အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ" ကိုလည်းကောင်း၊ မူဝါဒများကို အကောင်အထည်ဖော်နိုင်ရေး လမ်းညွှန်ဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်ဒုတိယဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ်တာဝန်ယူ၍ အဖွဲ့ဝင် ၄၂ ဦး ပါဝင်သော "အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ" ကိုလည်းကောင်း ပြင်ဆင်ဖွဲ့စည်းပြီးဖြစ်ပါသည်။
- MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပံ့ပိုးကူညီမှုများကို အကောင်အထည်ဖော်နိုင်ရန် အထောက်အကူပြုအဖွဲ့များဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့နှင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့တို့ကိုလည်း ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။
- MSME များ၏ ဈေးကွက်ချဲ့ထွင်နိုင်ရန်နှင့် နိုင်ငံတကာကုန်သွယ်ရေးတွင် ပါဝင်နိုင်စေရန်အတွက် ဒစ်ဂျစ်တယ်စနစ်များအသုံးချမှု (Digitalization of MSMEs) ကို မြှင့်တင်ရန် အစိုးရနှင့် အခြားအဖွဲ့အစည်းများက ပံ့ပိုးမှုများဆောင်ရွက်ခဲ့ပါသည်။
- MSME ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တိုင်းဒေသကြီး/ ပြည်နယ် ၁၃ ခုသို့ သွားရောက်၍ MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲများ ၂၆ ကြိမ်ပြုလုပ်ကာ လုပ်ငန်းရှင်များက တင်ပြလာသည့် လိုအပ်ချက် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။
- MSME ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ဒုတိယဝန်ကြီးချုပ်သည် အလားတူ လေးကြိမ်တိုင် တိုင်းဒေသကြီး/ ပြည်နယ်များတွင် တွေ့ဆုံပွဲများပြုလုပ်၍ ဆွေးနွေးဆောင်ရွက်ခဲ့ပါသည်။
- ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ခေတ်နှင့်လျော်ညီစွာ ပြင်ဆင်ဖြည့်စွက်ရန်နှင့် အငယ်စားလုပ်ငန်းများကိုပါ အားပေးမြှင့်တင်နိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေအဖြစ် ရေးဆွဲလျက်ရှိပါသည်။

**၂။ မြန်မာ့ MSME များ၏ လက်ရှိအခြေအနေ**

မြန်မာနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) သည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ MSME လုပ်ငန်းများသည် နိုင်ငံ့စီးပွားရေးလုပ်ငန်းများ၏ ၉၉ ရာခိုင်နှုန်းကို ကိုယ်စားပြုပြီး အလုပ်အကိုင်ဖန်တီးပေးနိုင်မှုတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ထို့ပြင် MSME လုပ်ငန်းများသည် ကျေးလက်နှင့် မြို့ပြဒေသများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရုံသာမက ပြည်သူများ၏ လူမှုစီးပွားဘဝများကိုလည်း မြှင့်တင်ပေးနိုင်သည့် အရေးပါသော အင်အားစုတစ်ခုဖြစ်ပါသည်။

MSME လုပ်ငန်းများကို အဓိကအားဖြင့် ထုတ်လုပ်မှု(Manufacturing)၊ ကုန်သွယ်မှု (Trading)၊ ဝန်ဆောင်မှု (Services) နှင့် အခြားဟူ၍ ကဏ္ဍများခွဲခြားထားပြီး ထိုကဏ္ဍအသီးသီးရှိ MSME လုပ်ငန်းများသည် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသော အင်အားစုများဖြစ်သည့်အတွက် အဆိုပါလုပ်ငန်းများအား ထိရောက်စွာ ပံ့ပိုးပေးခြင်းအားဖြင့် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့်အပြင် ဒေသခံများ၏ ဝင်ငွေတိုးတက်စေမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ကာ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်လာမည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်နှင့် နိုင်ငံတကာဈေးကွက်သို့ ပိုမိုချိတ်ဆက်နိုင်ရန်အတွက် နည်းပညာအသုံးချမှုများ တိုးမြှင့်ခြင်း၊ ဒစ်ဂျစ်တယ်ဈေးကွက် (E-commerce)နှင့် ဆက်သွယ်မှုများ ပိုမိုပြုလုပ်နိုင်ရန် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ပူးပေါင်းဆောင်ရွက်ခြင်း၊ MSME များအတွက် ချေးငွေနှင့် နည်းပညာပံ့ပိုးမှုများ ပိုမိုတိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။

အချုပ်အားဖြင့် MSME လုပ်ငန်းများကို ပိုမိုအားပေးမြှင့်တင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ချိတ်ဆက်နိုင်ရန်အတွက် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍနှင့် အခြားအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလိုအပ်ပါသည်။ နည်းပညာ၊ ငွေကြေးနှင့် ဈေးကွက်အခွင့်အလမ်းများကို ပိုမိုရရှိစေရန်အတွက် မဟာဗျူဟာများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။ MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာပါက မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ပိုမိုမြင့်မားလာမည်ဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။ ။

# အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန် ဂုရုကြီးနှင့်အဖွဲ့ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၊ စီးပွားရေးနှင့် ကုမ္ပဏီလုပ်ငန်းရှင်များအား စိတ်အေးချမ်းမှုကျင့်စဉ်များ ဆွေးနွေးဟောပြော

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်မြို့၌ ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန် ဂုရုကြီး Sri Sri Shankar သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ Chatirium Hotel The Grand Ballroom ၌ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး စိတ်အေးချမ်းမှုကျင့်စဉ်နှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောသည်။

**တက်ရောက်**

အခမ်းအနားသို့ အိန္ဒိယသံအမတ်ကြီး H.E.Mr. Abhay Thakur နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများမှ လုပ်ငန်းရှင်များနှင့်လေ့လာသူများ တက်ရောက်ကြသည်။

ဦးစွာ ကမ္ဘာကြီးတွင် လိုအပ်သော ငြိမ်းချမ်းမှုအတွက် မေတ္တာတရားများ မွေးမြူရန်လိုအပ်မှုနှင့် ကျန်းမာသောခန္ဓာကိုယ်ကို ပိုင်ဆိုင်ရရှိနိုင်စေသော ရှုမှတ်မှုကျင့်စဉ်များနှင့် စပ်လျဉ်းသည့် ဗီဒီယိုဖိုင်ကို ပြသသည်။

ထို့နောက် ဂုရုကြီးအား အိန္ဒိယသံအမတ်ကြီးနှင့် တာဝန်ရှိသူတို့က ဂါရဝပြုပန်းစည်းများ ပေးအပ်သည်။

ယင်းနောက် ဂုရုကြီးကစိတ်ပိုင်းဆိုင်ရာ စွမ်းအင်ကြီးမားမှု၊ ဘဝတွင် ကြုံတွေ့ရသော အခက်အခဲများကို စိတ်ဖြင့်ထိန်းချုပ်၍ အောင်မြင်စွာ ကျော်ဖြတ်နိုင်မှု၊ တရားထိုင်ခြင်း ဆိုင်ရာများ၊ ငြိမ်းချမ်းမှုကို ရရှိစေရန် စိတ်နှလုံးတည်ငြိမ်အေးချမ်းမှုကို စတင်မွေးမြူ ပျိုးထောင်ပေးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများနှင့်အတူ တရားထိုင်မှုကျင့်စဉ်ကို လက်တွေ့ပြသကာ သိရှိလိုသည်များမေးမြန်းမှုအပေါ် ရှင်းလင်းဖြေကြားသည်။

မွန်းလွဲပိုင်းတွင် ဂုရုကြီး Sri Sri Shankar သည် အမျိုးသားကဇာတ်ရုံ၌ကျင်းပသည့် တရားကျင့်စဉ်နှင့် အသိဉာဏ်ပွင့်လင်းမှုဆိုင်ရာ အခမ်းအနားသို့ တက်ရောက်၍ နှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur၊ နီပေါသံအမတ်ကြီး H.E.Mr. Harishchandra Ghimire၊ ကမ္ဘောဒီးယားသံအမတ်ကြီး H.E CHENG Manith နှင့် သီရိလင်္ကာသံအမတ်ကြီး H.E.Mrs Prabashini Ponnaperuma တို့နှင့်အတူ ဆီမီးထွန်းညှိပူဇော်သည်။

ထို့နောက် ယောဂကျင့်စဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူတို့နှင့်အတူ ယောဂကျင့်စဉ်ကို ပြသကာ "Celebrating Love" မြန်မာဘာသာပြန်စာအုပ်ကို မိတ်ဆက်ပေးသည်။



အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန် ဂုရုကြီး Sri Sri Shankar ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တာဝန်ရှိသူများနှင့်အတူ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်စဉ်။



အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန် ဂုရုကြီး Sri Sri Shankar စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး စိတ်အေးချမ်းမှုကျင့်စဉ်နှင့်စပ်လျဉ်း၍ ဆွေးနွေးဟောပြောစဉ်။

**ဂုဏ်ပြုသီချင်းဖြင့် ဂါရဝပြု**

အခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ အိန္ဒိယရိုးရာအက၊ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) မှ ကျောင်းသားကျောင်းသူများက မြန်မာ့ရိုးရာအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ပြီး Art of Living ပရဟိတအဖွဲ့က ဂုရုကြီးအား ဂုဏ်ပြုသီချင်းဖြင့် ဂါရဝပြုသည်။

ညပိုင်းတွင် ဂုရုကြီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ဆီမီး၊ ပန်းနှင့် ရေချမ်းများ ဆက်ကပ်လှူဒါန်းကာ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂုရုကြီးအား ဂေါပကအဖွဲ့က ရွှေတိဂုံစေတီတော်မြတ် ပုံတော်ကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ မိသားစုများ၏ ကာလဒါနထမနဲ အလှူတော်မင်္ဂလာ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ မိသားစုများ၏ ကာလဒါန ထမနဲ အလှူတော်မင်္ဂလာကို ယနေ့ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်၌ ကျင်းပရာ ဘုရားဖူး သံဃာတော်များ၊ သီလရှင်များနှင့် ပြည်သူ ၂၀၀၀ တို့အား ထမနဲများ လှူဒါန်းခဲ့ကြသည်။

အခမ်းအနားသို့ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ရန်ကုန်တိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၊ ဗဟိုအထောက်အကူပြု အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြသွေးနှင့် အဖွဲ့ဝင်များ၊ ဗဟိုဘဏ္ဍာရေးမှူး ဦးလှကြူ၊ ဗဟိုအထောက်အကူပြု လူမှုရေးရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်၊ အတွင်းရေးမှူး ဦးသန့်ဇင်လှိုင်နှင့် အဖွဲ့ဝင်များ၊ ဗဟိုဥပဒေရေးရာအတွင်းရေးမှူး ဦးကျော်ဇင်လတ်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဒုတိယဥက္ကဋ္ဌများဖြစ်ကြ သည့် ဦးမိုးဇက်၊ ဦးခင်မောင်ဇော်၊ ဘဏ္ဍာရေးမှူး ဦးဟန်ဝင်းအောင်၊ အတွင်းရေးမှူး၂ ဦးမျိုးဇော်၊ ပြန်ကြားရေးမှူး ဦးအောင်သာဒိုး၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသည့် ဦးဘာဘူလေး၊ ဦးဘိုနီဝင်းနှင့် တိုင်းဒေသကြီး အလုပ်အမှုဆောင်များ၊ ခရိုင်အသီးသီးမှ ဥက္ကဋ္ဌများနှင့် ခရိုင်အလုပ်အမှုဆောင်များ တက်ရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# စည်းလုံးညီညွတ်သောအားမာန်များဖြင့် သမိုင်းမှတ်တမ်းကောင်းများ ရေးထိုးကြပါစို့

မောင်ငြိမ်းအေး

**မြန်မာနိုင်ငံသည် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် နှစ်ပေါင်းထောင်ချီ ရပ်တည်နေထိုင်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် နှစ်ပေါင်းထောင်ချီ၍ တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်သည် မရှိအတူရှိအတူ အေးအတူပူအမျှ စုပေါင်းနေထိုင်ခဲ့ကြသည်။ သို့သော် မြန်မာတို့သည် နှစ်ပေါင်း ၁၂၄ နှစ်ကြာ အချုပ်အခြာအာဏာ(ဝါ) လွတ်လပ်ရေး ဆုံးရှုံးကာ အင်္ဂလိပ်နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း ၁၂၀ ကျော်၊ ဖက်ဆစ်ဂျပန်လက်အောက်တွင် သုံးနှစ်ခန့် သူ့ကျွန်ဖြစ်ခဲ့ရသည်။**

အင်္ဂလိပ်နယ်ချဲ့တို့၏ ကျူးကျော်စစ်ပွဲ သုံးကြိမ်စလုံးတွင် တိုင်းရင်းသားပေါင်းစုံမျိုးချစ်များက ဇာတိသွေး၊ ဇာတိမာန်၊ သတ္တိဗျတ္တိအပြည့်ဖြင့် သမိုင်းပြောင်မြောက်စွာ နယ်ချဲ့တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးကို ပြန်လည်ရရှိရန် ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲ ၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ အသက်၊ သွေး၊ ချွေးပေါင်းများစွာ ရင်းနှီးပေးဆပ်ပြီး တွန်းလှန်တိုက်ခိုက်ခဲ့သည်။ လွတ်လပ်ရေးကို အမျိုးသားခေါင်းဆောင်များနှင့်အတူ တိုင်းရင်းသားပြည်သူအားလုံး စုစည်းညီညွတ်သော၊ စည်းလုံးညီညွတ်သောအားမာန်များဖြင့် ရယူခဲ့ကြသည်။ ဤသို့ နှစ်ပေါင်း ၁၂၄ နှစ်တာကာလအတွင်း လွတ်လပ်ရေးအတွက် သမိုင်းမော်ကွန်းများရေးထိုးခဲ့ကြသည်။

### သမိုင်းမော်ကွန်းရေးထိုး

နယ်ချဲ့တော်လှန်ရေးစစ်ကြီး ပြီးဆုံးပြီးနောက် မြန်မာနိုင်ငံအား မဖြစ်မနေလွတ်လပ်ရေးပေးရတော့မည့် အချိန်ရောက်သောအခါ နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာလူထုကြီးတစ်ရပ်လုံးအား နောက်ခံအင်အားပြုထားသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ကို လန်ဒန်သို့ဖိတ်ခေါ်ကာ မြန်မာ့လွတ်လပ်ရေးအတွက် ဆွေးနွေးခဲ့ရသည်။ ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးစာချုပ် (ဝါ) အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံ၌ တိုင်းရင်းသားစုံ၊ ဒေသစုံပါဝင်သည့် တိုင်းရင်းသားလူထု ကိုယ်စားလှယ်ခေါင်းဆောင်များသည် ဘိုးဘွားဘီဘင်အမွေအနှစ်ဖြစ်သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ လွတ်လပ်ရေးကို ပင်လုံမြေတွင် အုတ်မြစ်ချခဲ့သည်။ စည်းလုံးညီညွတ်ခြင်း၏ သမိုင်းမော်ကွန်းမှတ်တမ်းရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

**၁၈၂၄ ခုနှစ်မှစတင်သည့် မြန်မာ့သမိုင်းသည် လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းမှတ်တမ်းဖြစ်သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှ မျက်မှောက်ကာလ၊ ကမ္ဘာမြေပျက်သုဉ်းသည့်တိုင် မြန်မာ့သမိုင်းသည် မြန်မာတို့ပိုင်ဆိုင်သော အချုပ်အခြာအာဏာ (ဝါ) လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့်၊ ဆက်လက်ရေးထိုးရမည့် သမိုင်းမှတ်တမ်းဖြစ်သည်။ လွတ်လပ်ရေးတည်တံ့ခိုင်မြဲမှ မြန်မာတို့လက်တွင် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည်။ မြန်မာနိုင်ငံ လွတ်လပ်နေသမျှ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲမည်။ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲ လွတ်လပ်နေလျှင် ပြည်ထောင်စုဖွားသွေးချင်းသားချင်း တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတို့ အမျိုးသားစည်းလုံးညီညွတ်မှု မပြိုမကွဲ တစ်သားတည်း စည်းလုံးနေနိုင်ကြပေမည်။ အေးချမ်းသာယာဝပြောသည့် လွတ်လပ်သော နိုင်ငံတော်တွင် စိတ်ချမ်းမြေ့စွာ နေထိုင်နိုင်ကြမည်ဖြစ်သည်။**

### ကာကွယ်စောင့်ရှောက်

လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံသားများ စည်းလုံးညီညွတ်နေကြသည်နှင့်အမျှ ပြည်ထောင်စုကြီးတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက် သာယာဝပြောလာနိုင်ပေသည်။

> **❝တပ်မတော်အနေဖြင့် အဆိုပါ တိုင်းဆူပြည်ဖျက်ဖြစ်စဉ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သည်။ အစဉ်အဆက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်၏ အဓိကကာကွယ်ရေးအင်အားစုဖြစ်သည့် တပ်မတော်နှင့် ပြည်သူကိုသွေးကွဲအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်ပြိုကွဲပျက်စီးအောင် ကြံစည်အားထုတ်လျက်ရှိသည်။ တိုင်းပြည်တွင် မည်သို့သောအခြေအနေရှိသည်ဖြစ်စေ တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားများက အသိအမှတ်ပြု ဂုဏ်ယူကြသည်❞**

ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်လာမည့် အကျိုးစီးပွားအသီးအပွင့်များနှင့် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းမှုရလဒ်အရသာများကို တိုင်းရင်းသားပြည်သူအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ခံစားနိုင်ကြပေမည်။ ထို့ကြောင့် ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသော မြန်မာတို့သည် လွတ်လပ်ရေးပြန်လည်ရရှိအောင် အသက်ပေး၍တိုက်ယူခဲ့ကြသည်။ လွတ်လပ်ရေးရရှိပြီးသည့်နောက် ကြုံတွေ့ရသမျှ အခက်အခဲ၊ အကျပ်အတည်း၊ ဒုက္ခသုက္ခမျိုးစုံတို့ကို လက်တွဲညီညီ ရင်ဆိုင်ဖြတ်ကျော်ရင်း နိုင်ငံတော်၏ အသက်ဝိညာဉ်ဖြစ်သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတစ်ခုလုံး လုံးဝလွတ်လပ်ရေးရပြီးသည့်အချိန်မှစ၍ နိုင်ငံတော်ဖြစ်တည်မှုနှင့် ပထဝီမြေအနေအထားအရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးတာဝန်များနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် တာဝန်များကို တပ်မတော်သည် ပြည်သူလူထုနှင့် အတူလက်တွဲလျက် ထမ်းဆောင်ခဲ့သည်။ ခေတ်သမိုင်းအဆက်ဆက်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ပြည်သူများနှင့်အတူလက်တွဲကာ တစိုက်မတ်မတ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

### သမိုင်းပေးတာဝန်

လွတ်လပ်ရေးနှင့်အတူ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ပေါ်ပေါက်လာခဲ့သည်။ သမိုင်းကြောင်းအစဉ်အဆက်အရ ရှေးပဝေသဏီကာလများကတည်းက အတူတကွ ပေါင်းစည်းနေထိုင်ခဲ့ကြသည့် ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးမည့်အခြေအနေ အမျိုးမျိုး ကြုံတွေ့ခဲ့ရသည်။ ပြည်နယ်များ၊ ဒေသများနှင့် စုပေါင်းတည်ဆောက်ထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲအောင် တပ်မတော်က အသက်၊ သွေး၊ ချွေးများ ပေးဆပ်ကာ ကာကွယ်စောင့်ရှောက်ခဲ့သည်။ တပ်မတော်သည် ခေတ်သမိုင်းအဆက်ဆက်တွင် ပြည်ထောင်စုကြီး ထိခိုက်ပျက်စီးစေနိုင်သော အခြေအနေများပေါ်ပေါက်လျှင် သမိုင်းပေးတာဝန်အရ တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့သည်။

တပ်မတော်သည် ဒီမိုကရေစီခရီးလမ်းကို လမ်းခင်းပုံဖော်ပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းနှင့် အဆိုပါမဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အပြင် နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် လုပ်ဆောင်လာခဲ့သောကြောင့် ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်သည် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ခဲ့သည်။

နိုင်ငံတော်တာဝန် စတင်ထမ်းဆောင်စဉ် အစောပိုင်းကာလများ၌ ဆူပူဆန္ဒပြမှုများသာရှိခဲ့သော်လည်း နောက်ပိုင်းတွင် ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပြည်ပမှသွေးထိုးမြှောက်ပင့်ပေးမှုများကြောင့် အကြမ်းဖက်အဖွဲ့များဖွဲ့စည်းကာ နိုင်ငံအတွင်း လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် နည်းလမ်းမျိုးစုံလုပ်ကိုင်လာကြသည်။ တိုင်းပြည်ပြိုကွဲပျက်စီးအောင် ပြည်ပမှသွေးထိုးလှုံ့ဆော် မြှောက်ပင့်ထောက်ပံ့အားပေးမှုများဖြင့် ပြည်တွင်းမှ အမျိုးသားသစ္စာဖောက်များနှင့် အကြမ်းဖက်အဖျက်သမားများက အဖျက်လုပ်ရပ်များ လုပ်ကိုင်ဆောင်ရွက်နေကြသည်။

### အသိအမှတ်ပြုဂုဏ်ယူ

**တပ်မတော်အနေဖြင့် အဆိုပါ တိုင်းဆူပြည်ဖျက်ဖြစ်စဉ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သည်။ အစဉ်အဆက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်၏ အဓိကကာကွယ်ရေးအင်အားစုဖြစ်သည့် တပ်မတော်နှင့် ပြည်သူကို သွေးကွဲအောင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်ပြိုကွဲပျက်စီးအောင် ကြံစည်အားထုတ်လျက်ရှိသည်။ တိုင်းပြည်တွင် မည်သို့သော အခြေအနေရှိသည်ဖြစ်စေ တပ်မတော်သည် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်း ဆောင်ရွက်နေမှုများအပေါ် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားများက အသိအမှတ်ပြု ဂုဏ်ယူကြသည်။**

စာမျက်နှာ ၁၂ သို့ ❒

> **❝ယခုကာလ၌ ပေါ်ပေါက်လျက်ရှိသည့် အကြမ်းဖက်ဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်တို့၏ ပေါင်းစည်းအား၊ ညီညွတ်သောအင်အားများဖြင့် ကာကွယ်ရှင်းလင်းဖယ်ရှားကြရမည်ဖြစ်ပြီး ဒေသအသီးသီး၌ အကြမ်းဖက်တိုက်ခိုက်မှုများ မရှိစေရေး၊ လက်နက်ကိုင်၍ ပြည်သူလူထုကို အနိုင်ကျင့်မှုများ မရှိစေရေး၊ နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးတာဝန်များကို စည်းလုံးညီညွတ်မှုအင်အားများဖြင့် သမိုင်းမှတ်တမ်းကောင်းများ ရေးထိုးနိုင်ကြလိမ့်မည်ဟု ယုံကြည်ထားသည်။ မျက်မှောက်ကာလသည် လွတ်လပ်သော မြန်မာနိုင်ငံတော်ကြီး လွတ်လပ်သောနိုင်ငံများတန်းတူ ဖွံ့ဖြိုးတိုးတက်လာရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက် တည်ဆောက်နေသောကာလဖြစ်သည်❞**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို မော်လမြိုင်ပညာရေးဒီဂရီကောလိပ် အားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၈

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို မော်လမြိုင်ပညာရေးဒီဂရီကောလိပ်၏ အားကစားပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ရာမညအားကစားကွင်း၌ကျင်းပရာ ဗိုလ်လုပွဲစဉ်အဖြစ် အမျိုးသား၊ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် မော်လမြိုင်ပညာရေးဒီဂရီကောလိပ်မှ ပြိုင်ပွဲဝင်အားကစားသမားများ၏ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။



ထို့နောက် မီတာ ၁၀၀၊ ၂၀၀၊ ၃၀၀ အပြေးပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်အားကစားသမားများအား ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ပညာရေးမှူး၊ နည်းပညာတက္ကသိုလ်(မော်လမြိုင်)မှ ဒုတိယပါမောက္ခချုပ်၊ မော်လမြိုင်တက္ကသိုလ်ပါမောက္ခချုပ်တို့က ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအားလည်းကောင်း၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးတို့က အမျိုးသား၊ အမျိုးသမီး အမြင့်ခုန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တို့က ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆု ရရှိခဲ့ကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ပြည်နယ်ဝန်ကြီးချုပ်က မော်လမြိုင်ပညာရေးဒီဂရီကောလိပ်မှ ဆရာအတတ်ပညာသင်တန်း သင်တန်းသားသင်တန်းသူ၊ ကျောင်းသား ကျောင်းသူများ၏ Fitness Dance ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် အသင်းများနှင့် အားကစားနည်းအလိုက် ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူ အားကစားမောင်မယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပညာရေးတွင်လည်း ထူးချွန်ထက်မြက်သူများဖြစ်လာစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ကျန်းမာကြံ့ခိုင်ပြီး ပညာရည်ထူးချွန်သည့် နိုင်ငံ့ဂုဏ်ဆောင် ပညာတတ်အားကစားသမားကောင်းများ ဖြစ်လာစေရေးနှင့် မျိုးဆက်သစ်များ၏ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာစေရေးအတွက် အထူးအလေးပေး ဆောင်ရွက်ပေးကြရန် အစွမ်းကုန်ကြိုးစားကြစေလိုကြောင်း အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံအားပေးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၈

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ဝန်ကြီးဌာနအလိုက် နေထိုင်လျက်ရှိသော ဝန်ထမ်းအိမ်ရာများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် ၅၃၅၀၊ ၅၃၅၁ နှင့် ဉာဏသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် ၃၃၁၂ နှင့် ၃၃၉၉ တို့ကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်နှင့်အဖွဲ့သည် ဇေယျာသိဒ္ဓိရပ်ကွက် စံပယ်အိမ်ရာ တိုက်အမှတ် ၃၅ နှင့် ဘောဂသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် ၆၀၃၊ ၇၄၇၊ ၈၂၁ နှင့် ၈၂၂ တို့ကိုလည်းကောင်း အဖွဲ့များခွဲ၍ အိမ်ရာပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ထားမှု အခြေအနေ၊ ရေ၊ မီး သုံးစွဲမှုအခြေအနေများ၊ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် အိမ်ရာစည်းကမ်းများအတိုင်း နေထိုင်မှု ရှိ/မရှိတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ထို့နောက် အိမ်ရာများအလိုက် ဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အိမ်ရာများတွင် ပေးပို့ထားသည့် အိမ်ထောင်စုစာရင်းများအပြင် အခက်အခဲတစ်စုံတစ်ရာကြောင့် ဆွေမျိုးသားချင်းများ လာရောက်တည်းခိုနေထိုင်လိုပါက တာဝန်ရှိသူများထံ သတင်းပို့တင်ပြ၍ ဧည့်စာရင်းတိုင်ကြားပြီးမှသာ နေထိုင်သွားရန်နှင့် လုံခြုံရေးအသိထားရှိပြီး သတိပြုဂရုစိုက်နေထိုင်သွားရန်လိုကြောင်း ပြောကြားခဲ့ပြီး ဝန်ထမ်းများ၏တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

❒ စာမျက်နှာ ၁၁ မှ

လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် ထိုးနှက်တိုက်ခိုက်မှုများကြားတွင် တပ်မတော်အနေဖြင့် စစ်မှန်သည့် အမျိုးသားရေးတာဝန်ကိုသာ ရှေးရှုပြီး တိုင်းပြည်နှင့် လူမျိုးအကျိုးကို သယ်ပိုးခဲ့သည်မှာ သမိုင်းကြောင်း သက်သေများရှိခဲ့ပြီး ဖြစ်သည်။ **"ယခု မိမိတို့တပ်မတော်၏ နိုင်ငံ့အရေးတာဝန်များကို ထမ်းဆောင်နေမှုများသည် သမိုင်းများပင်ဖြစ်သဖြင့် သမိုင်းမှတ်တမ်းကောင်းကို ရေးထိုးနိုင်ရမည်ဖြစ်ကြောင်း၊ လက်ရှိပြည်တွင်း၊ ပြည်ပ အန္တရာယ်များ၊ ဝင်ရောက်စွက်ဖက်မှုများနှင့် ကြုံတွေ့နေရချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသူများအားလုံး၏ နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် တာဝန်ထမ်းဆောင်နေမှုများကိုလည်း မိမိအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြုပါကြောင်း"** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇန်နဝါရီလ ၁၀ ရက်နေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံစဉ်ပြောကြားခဲ့သည်။

**အသက်ပေးကာကွယ်**

**နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ အပြစ်မဲ့ပြည်သူများ အသက်ခန္ဓာဆုံးရှုံးခဲ့ကြရသကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားသည့် လမ်း၊ တံတားများ၊ စက်ရုံ၊ အလုပ်ရုံများ၊ အဆောက်အအုံများ များစွာပျက်စီးဆုံးရှုံး ထိခိုက်ခဲ့ရသည်။ ထိုကဲ့သို့ တိုက်ခိုက်ဖျက်ဆီးမှုများကြောင့် နိုင်ငံတော်အနေဖြင့် ထိခိုက်နစ်နာရသကဲ့သို့ ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း လူမှုစီးပွားဘဝများ ထိခိုက်နစ်နာဆုံးရှုံးခဲ့ရသည်။ နိုင်ငံတော်ထိခိုက်ပျက်စီးခြင်းကြောင့် ပြည်သူများလည်း ထိခိုက်ပျက်စီးစေပြီး ပြည်သူများ ထိခိုက်ပျက်စီးပါကလည်း နိုင်ငံတော် ထိခိုက်ပျက်စီးခြင်းသာဖြစ်၍ နိုင်ငံတော်နှင့် ပြည်သူကို တပ်မတော်က အသက်ပေးကာကွယ်စောင့်ရှောက်လျက်ရှိသည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ချိန်ကတည်းကပင် နိုင်ငံတော်အကျိုးစီးပွားကို ရှေးရှု၍ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များချမှတ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာအောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်သည် လွတ်လပ်၍တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေးဖြစ်သည်။ ရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အပါအဝင် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ လွတ်လပ်၍တရားမျှတပြီး သိက္ခာရှိသော ရွေးကောက်ပွဲတစ်ရပ်ဖော်ဆောင်နိုင်ရေး ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်သည်။

**ထိန်းသိမ်းတည်ဆောက်**

ယခုကာလ၌ ပေါ်ပေါက်လျက်ရှိသည့် အကြမ်းဖက်ဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်သူလူထု၊ အစိုးရ၊ တပ်မတော်တို့၏ ပေါင်းစည်းအား၊ ညီညွတ်သောအင်အားများဖြင့် ကာကွယ်ရှင်းလင်းဖယ်ရှားကြရမည်ဖြစ်ပြီး ဒေသအသီးသီး၌ အကြမ်းဖက်တိုက်ခိုက်မှုများမရှိစေရေး၊ လက်နက်ကိုင်၍ ပြည်သူလူထုကို အနိုင်ကျင့်မှုများမရှိစေရေး၊ နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးတာဝန်များကို စည်းလုံးညီညွတ်မှုအင်အားများဖြင့် သမိုင်းမှတ်တမ်းကောင်းများ ရေးထိုးနိုင်ကြလိမ့်မည်ဟု ယုံကြည်ထားသည်။ မျက်မှောက်ကာလသည် လွတ်လပ်သော မြန်မာနိုင်ငံတော်ကြီး လွတ်လပ်သောနိုင်ငံများတန်းတူ ဖွံ့ဖြိုးတိုးတက်လာရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက် တည်ဆောက်နေသောကာလဖြစ်သည်။

**သမိုင်းသက်သေများ**

**အစွန့်ရှည်တည်တံ့ခိုင်မြဲလာခဲ့သော မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် နိုင်ငံတော်ကြီး တည်တံ့ခိုင်မာရေးအတွက် ဘိုးဘွားဘီဘင်များ သွေးနှင့်ရေးထိုးခဲ့သော သမိုင်းမှတ်တမ်းကောင်းများ၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အသက်၊ သွေး၊ ချွေးပေးဆပ်ပြီး ထိန်းသိမ်းစောင့်ရှောက်ခဲ့သော သမိုင်းမှတ်တမ်းကောင်းများသည် ယနေ့ထက်တိုင် မော်ကွန်းတင်ထားဆဲဖြစ်သည်။ ဂုဏ်ယူအမှတ်တရရှိနေဆဲဖြစ်သည်။ ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရ၊ စစ်ရေးအရဖြစ်ပေါ်လာသည့် ပြည်တွင်း၊ ပြည်ပအန္တရာယ်များကြား၌ နိုင်ငံနှင့် လူမျိုးအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်းများစွာဖြင့် ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့မှုများ၊ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် ပြည်တွင်းသောင်းကျန်းမှုများ၊ ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲကြောင့် ဖြစ်ပေါ်လာသော ထိုးနှက်တိုက်ခိုက်မှုများကြားတွင် တပ်မတော်သည် စစ်မှန်သည့်အမျိုးသားရေးတာဝန်ကိုသာရှေးရှုပြီး တိုင်းပြည်နှင့် လူမျိုးအကျိုးကို သယ်ပိုးခဲ့သည့် သမိုင်းသက်သေများရှိခဲ့ပြီးဖြစ်သည်။**

အဆိုပါ သမိုင်းအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း ကာကွယ်ဆောင်ရွက်သွားရမည့်တာဝန်သည် တပ်မတော်သာမက နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးသော နိုင်ငံသူ နိုင်ငံသားများအားလုံး၏ သမိုင်းပေးတာဝန်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကိုမရိုင်းအောင်၊ သမိုင်းပေးတာဝန်ကိုကျေပွန်အောင် ထမ်းဆောင်နိုင်ကြရန်အတွက် စုစည်းညီညွတ်သော၊ စည်းလုံးညီညွတ်သော၊ စိတ်ဝမ်းမကွဲပြားသော စိတ်ဓာတ်အားမာန်များဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ အနာဂတ်သမိုင်းကြောင်းကောင်းအောင် ဆက်လက်ရေးထိုးကြပါစို့ဟု တိုက်တွန်းအပ်ပါကြောင်း။ ။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ လုပ်ငန်း/စီးပွား ချိတ်ဆက်မှုပြခန်းတွင် MSME လုပ်ငန်းရှင်များအတွက် ပြည်တွင်း၊ ပြည်ပဈေးကွက်များ ချိတ်ဆက်ဆောင်ရွက်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၈

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် လုပ်ငန်း/စီးပွား ချိတ်ဆက်မှုပြခန်း၌ MSME လုပ်ငန်းရှင်များအတွက် ပြည်တွင်းဈေးကွက်ချိတ်ဆက်မှု၊ ပြည်ပဈေးကွက်ချိတ်ဆက်မှု၊ ရင်းနှီးမတည်ငွေချိတ်ဆက်မှုနှင့် ဆက်စပ်ဝန်ကြီးဌာနများ၏ One Stop Services များကို ဆောင်ရွက်ပေးလျက်ရှိသည်။




ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်တွင်းဈေးကွက်ချိတ်ဆက်မှုအတွက် ပဲခူး၊ မွန်၊ ရန်ကုန်တို့မှ MSME လုပ်ငန်းရှင်ငါးဦးတို့၏ အသင့်စားစားသောက်ကုန်၊ ဝဥ၊ ကွမ်းသီးခြောက်၊ လက်ဖက်ခြောက်တို့ကို လက်လီလုပ်ငန်းရှင်များနှင့် ချိတ်ဆက်နိုင်ရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ပြည်ပဈေးကွက်ချိတ်ဆက်မှုအတွက် တနင်္သာရီ၊ မန္တလေး၊ ဧရာဝတီ၊ မွန်၊ ကရင်တို့မှ MSME စီးပွားရေးလုပ်ငန်းရှင်ငါးဦးနှင့် စီးပွားရေးသံမှူး ၁၆ ဦးတို့ ရော်ဘာ၊ ပုလဲ၊ ဝဥခြောက်တင်ပို့လိုမှုကိစ္စရပ်များ ဆွေးနွေးနိုင်ခဲ့ကြောင်းနှင့် ရင်းနှီးမတည်ငွေချိတ်ဆက်မှုတွင် ကရင်၊ စစ်ကိုင်း၊ ပဲခူး၊ ရှမ်း(တောင်)၊ ရန်ကုန်တို့မှ MSME လုပ်ငန်းရှင်ကိုးဦးတို့ကို ဘဏ်လုပ်ငန်းရှင်များနှင့် ရင်းနှီးမတည်ငွေရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် လျှောက်ထားမှုအတွက် ကုမ္ပဏီတစ်ခု၊ မူပိုင်ခွင့်မှတ်ပုံတင်လျှောက်ထားပြီး မှတ်ပုံတင်လက်မှတ်ရရှိနိုင်မှုအတွက် ကုမ္ပဏီသုံးခုတို့ကို ဆွေးနွေးဖြေကြားနိုင်ခဲ့ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ဧရာဝတီတိုင်းဒေသကြီးမှ မန်ကျည်းတော်ဖီလုပ်ငန်းတစ်ခု၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဆိတ်သားခြောက်လုပ်ငန်းတစ်ခု၊ မန္တလေးတိုင်းဒေသကြီးမှ သဘာဝခေါင်းလျှော်ရည်လုပ်ငန်းတစ်ခုတို့မှ FDA လျှောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးဖြေကြားနိုင်ခဲ့သည်။

အလားတူ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မွန်ပြည်နယ်မှ ဝဥလုပ်ငန်းရှင်၊ ကွမ်းသီးလုပ်ငန်းရှင်တို့၏ ဒါရိုက်တာများလိုက်နာရမည့် တာဝန်များဆိုင်ရာ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားခဲ့ပြီး ကရင်ပြည်နယ်မှ မှိုင်းခံရော်ဘာထုတ်လုပ်ရေးလုပ်ငန်းရှင်၏ ကုမ္ပဏီအသစ်မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို ကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်အနေနဲ့ ကျွန်တော်တို့လို MSME လုပ်ငန်းတွေအတွက် လိုအပ်တဲ့ကဏ္ဍတိုင်းကို အားပေးမြှင့်တင်ပေးနေတဲ့အတွက်ကျေးဇူးတင်ပါတယ်

ဦးမင်းဇော်သန်း

နေပြည်တော် ဖေဖော်ဝါရီ ၈

**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။**

**တွေ့ဆုံမေးမြန်း - ဝင်းဝင်းမင်း**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**

ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထုတ်ကုန်များ ပါဝင်ပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် တွေ့ဆုံမေးမြန်း ရေးသားတင်ပြလိုက်ရပါသည် -

**ဦးမင်းဇော်သန်း**
**အေးသာယာဝိုင်ထုတ်လုပ်ရေးလုပ်ငန်း**
**ရှမ်းပြည်နယ် MSME ထုတ်ကုန်ပြခန်း**



ဦးမင်းဇော်သန်း



ဦးမျိုးသီဟ



ဒေါ်ခင်သက်မော်

ကျွန်တော်တို့ ပြည်နယ်ကထွက်ရှိတဲ့ စပျစ်ကိုအခြေခံပြီး ဝိုင်ထုတ်လုပ်တဲ့ လုပ်ငန်းကို လုပ်ကိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ပထမဆုံးလုပ်ကိုင်တဲ့ ကုမ္ပဏီတစ်ခုလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကုမ္ပဏီရဲ့ ရည်ရွယ်ချက်က ပြည်ပသွင်းကုန်အစားထိုး ကုန်ပစ္စည်းအနေနဲ့ ထုတ်လုပ်နိုင်အောင်ဖြစ်ပါတယ်။ အခုကတော့ ပြည်တွင်းမှာ တစ်နိုင်ငံလုံး ဖြန့်ချိနေပါတယ်။ ဝိုင်ကို ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းအမှတ်တံဆိပ်တစ်ခု အဖြစ် ကြိုးစားရာမှာ ပြည်တွင်းကုန်ကြမ်းကို အခြေခံအသုံးပြုရတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဝိုင်အဖြစ်ထုတ်လုပ်တဲ့ လုပ်ငန်းစဉ်မှာအသုံးပြုတဲ့ ဓာတုကုန်ကြမ်းကို ပြည်ပက သွင်းရတာတော့ရှိပါတယ်။ ကျွန်တော်တို့လုပ်ငန်းက ရာသီအချိန်အခါနဲ့ လုပ်ကိုင်ရတဲ့ လုပ်ငန်းဖြစ်တဲ့အတွက် လိုအပ်တဲ့ ဓာတုကုန်ကြမ်းကို လိုအပ်တဲ့အချိန်ရရှိနိုင်ရေးက အဓိကကျသွားပါတယ်။ ဒီအပိုင်းလေးတွေ အဆင်ပြေသွားရင် ကျွန်တော်တို့အနေနဲ့ ပိုပြီးဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အခုအချိန်မှာ နိုင်ငံတော်အနေနဲ့ ကျွန်တော်တို့လို MSME လုပ်ငန်းတွေအတွက် လိုအပ်တဲ့ ကဏ္ဍတိုင်းကို အားပေးမြှင့်တင်ပေးနေတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**ဦးမျိုးသီဟ**
**Project Manager၊ Precision Auto Engineering Company Limited**
**ကရင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း**

ကရင်ပြည်နယ် ဘားအံစက်မှုဇုန်မှာ SKD စနစ်နဲ့ တပ်ဆင်ထုတ်လုပ်တဲ့ အိန္ဒိယနိုင်ငံထုတ် Bajaj အမှတ်တံဆိပ် လူစီးသုံးဘီးယာဉ်တွေ ပါဝင်ပြသတာဖြစ်ပါတယ်။ ဒီသုံးဘီးယာဉ်တွေဟာ ဆီစားနှုန်းသက်သာပြီး လုံခြုံမှုရှိတယ်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးနဲ့ အခြေခံလူတန်းစားတွေ လူနေမှုဘဝမြှင့်တင်ရေးတို့အတွက် ခေါက်တိုသယ်ယူပို့ဆောင်မှု အခန်းကဏ္ဍမှာ သင့်လျော်ပြီး ဘေးကင်းလုံခြုံစိတ်ချရတဲ့အတွက် ဝယ်ယူသုံးစွဲသူရော၊ စီးနင်းသူများပါ အထူးကြိုက်နှစ်သက်ကြတယ်။ လက်ရှိပြည်တွင်းမှာလည်း တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာပြည်အနှံ့မှာ လက်ငင်းစနစ်အပြင် အရစ်ကျစနစ်နဲ့ပါ ရောင်းချပေးလျက်ရှိပြီးတော့ ယာဉ်အပြင် အပိုပစ္စည်းတွေကိုပါ လုံလောက်စွာ ဝန်ဆောင်မှုအပြည့်နဲ့ ဖြန့်ဖြူးရောင်းချပေးလျက် ရှိပါတယ်။ ယာဉ်အတွက် Km-20000 အာမခံ after sale service ပေးထားပြီးတော့ အရင်းအနှီးအနည်းငယ်နဲ့ ကိုယ်ပိုင်လုပ်ငန်းသစ်တစ်ခု ထူထောင်လိုသူတွေအတွက် မိသားစုဝင်ငွေပုံမှန်ရရှိအောင် အထောက်အကူပြုပါတယ်။ ပြီးတော့ Bajaj EV (လျှပ်စစ်သုံး) လူစီးသုံးဘီးယာဉ်နဲ့ ဆိုင်ကယ်တွေကိုပါ နိုင်ငံအတွင်း တပ်ဆင်ထုတ်လုပ်ဖို့ EV စက်ရုံကိုလည်း ကရင်ပြည်နယ် ဘားအံစက်မှုဇုန်မှာ စက်ရုံတည်ဆောက် ဆောင်ရွက်နေပြီဖြစ်ပြီးတော့ အခုနှစ် မတ်လအတွင်းမှာ တစ်နိုင်ငံလုံး ဖြန့်ဖြူးရောင်းချပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ထုတ်ကုန်ကို အခုလို ပြည်ထောင်စုနေ့ပြပွဲမှာ ကရင်ပြည်နယ်ကိုယ်စားပြု MSME ထုတ်ကုန်ပြခန်းမှာ ပြသရောင်းချခွင့်ပေးတဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ ကရင်ပြည်နယ်အစိုးရအဖွဲ့ကို အထူးကျေးဇူးတင်ရှိပါတယ်ခင်ဗျာ။

**ဒေါ်ခင်သက်မော်**
**ဒုတိယဥက္ကဋ္ဌ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းပြခန်း**

ဒီပြပွဲမှာ ကျွန်မတို့အသင်းအနေနဲ့ ပြခန်းပြသလို ကျွန်မအနေနဲ့ MSME ပြိုင်ပွဲမှာ ဒိုင်အဖွဲ့ဝင်အနေနဲ့ ပါဝင်ပြီးတော့ မြန်မာနိုင်ငံမှာရှိတဲ့ MSME တွေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ထောင့်တစ်နေရာကနေ ပါဝင်ကူညီတာဖြစ်ပါတယ်။ ဒီလိုပြပွဲပြိုင်ပွဲတွေမှာ ပါဝင်တဲ့ MSME လုပ်ငန်းတွေအနေနဲ့ ကိုယ့်ရဲ့ထုတ်ကုန်တွေကို ဈေးကွက်ပိုရရှိအောင် လုပ်ဆောင်နိုင်မှာဖြစ်တဲ့အပြင် လုပ်ငန်းရှင်အနေနဲ့ ကြိုးစားဆောင်ရွက်ရာမှာ တွေ့ကြုံရတဲ့ အခက်အခဲတွေကို သက်ဆိုင်ရာဌာနတွေနဲ့ တင်ပြဆွေးနွေးနိုင်မှာလည်းဖြစ်ပါတယ်။ ပြီးတော့ MSME တွေ ကုန်ထုတ်လုပ်မှုအတွက် လိုအပ်တဲ့ နည်းပညာနဲ့ စက်ပစ္စည်းတွေ ပံ့ပိုးခြင်း၊ သက်ဆိုင်ရာ certificate တွေ ရရှိနိုင်ဖို့ ကူညီပေးခြင်းနဲ့ အလားအလာရှိတဲ့ MSME တွေကို ရင်းနှီးငွေပံ့ပိုးပေးခြင်း စတဲ့ကိစ္စရပ်တွေကိုပါ ပိုမိုဆောင်ရွက်ပေးနိုင်ရင်တော့ MSME လုပ်ငန်းငယ်တွေက ပြည်တွင်းကနေ နိုင်ငံတကာဈေးကွက်အထိ လျှောက်လှမ်းနိုင်မယ်လို့ ယုံကြည်ပါတယ်ရှင်။



## ပေါက်ခေါင်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြော

ပေါက်ခေါင်း ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် သစ်တောဦးစီးဌာနက သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက အခြေခံပညာမူလတန်းလွန်ကျောင်း(လေးကြီး)၌ ကျင်းပသည်။

ဦးစွာ ပေါက်ခေါင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသော်မော်ခန့်က သစ်တောထိန်းသိမ်းရေးနှင့် ရေသယံဇာတထိန်းသိမ်းရေး၊ တောအုပ်ကြီးဦးရဲလွင်က မီးခိုးမြူငွေ့လျှော့ချရေးတို့နှင့်ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

သန်းထွန်းအောင်(ပြန်/ဆက်)

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

နေပြည်တော် ဖေဖော်ဝါရီ ၈

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေး စခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၈၈၄၀၀၀) ကိုလည်းကောင်း၊ မြန်မာ့စက်မှု ဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၇၇၄၈၈၀) ကို လည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင်စာရွက် စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန် ပစ္စည်းနှစ်မျိုး၊ လုပ်ငန်းသုံး ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ၂၇၁၃၂၇၁၄ ကျပ်) ကို လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၅၅၈၉၁၅၉၄ ကျပ်) သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင် ကျွန်းစုမြို့နယ် ဂျော်နီကျွန်းအနီး၌ တရားမဝင် ငါးဖမ်းရာတွင် အသုံးပြုသည့် သစ်သားကိုယ်ထည်စက်လှေ ငါးစင်းနှင့် ဆက်စပ်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀)ကို မြန်မာ့ပင်လယ်ပြင် ငါးလုပ်ငန်း ဥပဒေအရလည်းကောင်း၊ ကျွန်းစုမြို့နယ် သဲတန်းကြီးကျေးရွာ၌ လိုင်စင်မဲ့ Wave 100 ဆိုင်ကယ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၀၀၀၀၀) ကို သိမ်းဆည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဖေဖော်ဝါရီ ၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာ ယာယီ ယာဉ်စစ်ကွင်း၌ ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၄၀၀၀၀)နှင့် အဆိုပါပစ္စည်း များ တင်ဆောင်လာသည့် Cheng Long Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၄၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်း ဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေး ရေးဂိတ်နှင့် ကံတလူပူးပေါင်း စစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့ ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၅၆၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေး မှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူ ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၂ ဒသမ ၀၇၁ တန်၊ သစ်မာ သုည ဒသမ ၃၁၆ တန်၊ အခြားသစ် သုည ဒသမ ၂၀၂ တန် (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေ ၁၄၂၇၁၂၆ ကျပ်) ကို သိမ်းဆည်း ရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပလိပ်နှင့် မြစ်ငယ်လမ်းကြား၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်း အထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၆၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာ သည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်လမ်းခွဲအနီး စိန်စီအောင် ဆီဆိုင်အနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၂၁၇၇၂၀) နှင့် အဆိုပါပစ္စည်း များ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးနှင့် Isuzu Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေ ကျပ် ၈၅၀၀၀၀၀၀)ကို လည်း ကောင်း၊ ထုံးဘို - မြစ်ငယ် တိုးဂိတ် အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၄၂၅၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀၀)ကိုလည်းကောင်း၊ ပလိပ်မြို့ Denko ဆီဆိုင်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်း သုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၇၁၃၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း (စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၃၂၉၆၇၃၂၂၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိ သည်။

အလားတူ ရန်ကုန်တိုင်း ဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံ ခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်း အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက် ခဲ့ရာ မှော်ဘီမြို့နယ် မြို့ချောင်း တိုးဂိတ်အနီး၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀)ကို သိမ်းဆည်း ရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

ယင်းအပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့ အတွင်း၌ လိုင်စင်မဲ့ ယာဉ်လေးစီး နှင့် လိုင်စင်မဲ့ဆိုင်ကယ် နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိ သည်။

ဖေဖော်ဝါရီ ၆ ရက်နှင့် ၇ ရက် တို့တွင် သိမ်းဆည်းရမိမှု (စုစုပေါင်း မှာ အမှုတွဲ ၃၂ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၅၆၀၃၁၉၄၀) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းလာမှု များကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည် လုပ်ငန်းရှင်များအတွက် ထိခိုက် နစ်နာမှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင် မှုစွမ်းအား ကျဆင်းခြင်းတို့ဖြစ်ပေါ် စေပြီး နိုင်ငံတော်အတွက် အခွန် ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေ သည်။ သို့ဖြစ်၍ ဆိပ်ကမ်းများနှင့် နယ်စပ်ဒေသများမှ တရားမဝင် ကုန်စည် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တရားမဝင်ကုန်သွယ် မှု တိုက်ဖျက်ရေး ဦးဆောင် ကော်မတီမှ သိရသည်။

သတင်းစဉ်

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၂-၂၀၂၅ တနင်္ဂနွေနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောဇ္ဈင်္ဂသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၇:၃၅ | ဒေါ်နတောင်တန်းပေါ်က မုလအီဆံတော်ရှင်စေတီတော် |
| ၀၈:၄၀ | ရာသီစာမှသည် ဈေးကွက်ဝင်စားဖွယ်သီ (ထမနဲ) |
| ၀၉:၁၀ | ကာတွန်းအစီအစဉ် 'တိရစ္ဆာန်မြို့တော်ငါ့ဇာတ်လမ်း' (အပိုင်း-၂၆) |
| ၀၉:၂၅ | သတင်းသမားပြောတဲ့သတင်းစကား |
| ၀၉:၄၅ | 'ကမ္ဘာ့ဝေမြေချယ်ရီဝေ' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ် |
| ၁၂:၃၅ | This Week's Special Interest |
| ၁၃:၀၀ | အသိပညာနှင့်အမှန်တရား |
| ၁၃:၁၅ | MRTV National News |
| ၁၃:၄၅ | ပြည်ထောင်စုအထိမ်းအမှတ် ဝုဏ်ပြုရုပ်ရှင် မြန်မာ့ဂန္ထဝင်ရုပ်ရှင် 'တစ်ခြားကမ္ဘာက ချစ်သူရယ်' (ကျော်ဆွေ၊ ခင်ယုမေ၊ နှင်းဆီ) |
| ၁၆:၀၀ | ၂၀၂၄ ခုနှစ်အတွက်မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |
| ၂၂:၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း |
| ၂၂:၄၅ | အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောဇ္ဈင်္ဂသုတ်) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Aung Zay Paing Zay (Ei Ei Mon, Ei Ei Chon) |
| 07:08 | Myanma Gone Yi U Sein Tun Kyi |
| 07:34 | Sayit-Wyne Girls |
| 08:01 | News |
| 08:26 | Close-Knitted Union Family |
| 08:33 | The Art of Taxidermy: U Myo Naing |
| 08:44 | Yenwe, The Multi-Purpose Dam |
| 09:01 | The Largest Nunnery In Myanmar |
| 09:32 | Today Myanmar: Myanma MSME with productivity and innovation |
| 09:40 | Soft-shell Crab Export |
| 10:01 | News |
| 10:27 | Topics Potpourri; Manila's car counters help address the city traffic |
| 10:33 | Reconservation Thatbyinnyu Temple |
| 10:50 | Perspectives; Global Warming Impact on Us |

### MRTV NRC

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
ဝဥစိုက်ကြမယ်

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ခရုအစားအစာ

**စကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
တွဲလက်ညီညီခရီးဆက်မည် (အပိုင်း-၂)

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
တွဲလက်ညီညီခရီးဆက်မည် (အပိုင်း-၃)

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
ကြယ်ကလေးများအတွက် (ပုံပြင်)

**ချင်း (လိုင်ရိုး) (၁၃:၀၀ မှ ၁၄:၀၀)**
နှလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ

**ချင်း (ချို) (၁၄:၀၀ မှ ၁၅:၀၀)**
ချင်းရိုးရာတူရိယာများ

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
ကင်ဆာရောဂါအကြောင်းသိကောင်းစရာ

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
မာရ်ငါးပါးဘုရားပူးကြမယ်

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရောင်စုံပန်းတို့ရဲ့ဒိုင်ယာရီ

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ကွမ်းရွက်စိုက်ပျိုးခြင်း

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၂:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၄:၁၅ | News Desk |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၁၅ | Next Level |
| ၁၉:၄၅ | ကမ္ဘာတစ်လွှားအနုပညာသတင်းများ |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၄၅ | စူးစမ်းရှာဖွေရှေးဟောင်းအမွေ |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'အစ္စရေးနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ယုန်ကပတိုးပိုက်ကတိုး' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဆွစ်ဇာလန်နိုင်ငံ' |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ထိုင်းနိုင်ငံ' |
| ၁၁:၃၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၆၈) |
| ၁၁:၃၀ | မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနား တိုက်ရိုက် (Live) |

### MRTV FARMERS' / HTV Channel

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | မြန်မာချစ်တဲ့မုန့်ဟင်းခါး |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | Academy Live |
| ၂၀:၀၀ | ၃ (ဇာတ်လမ်း) |
| ၂၂:၀၀ | A Little Thing Called Love (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS / HTV Sports

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Weekly Sports Info |
| ၀၇:၀၀ | အားကစားသတင်း |
| ၀၇:၄၅ | Weekend News |
| ၁၆:၀၀ | မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် |

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ပြည်ကြီးတံခွန်မြို့နယ်တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၇ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၆ သိန်းကျော်နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်း ဒေသကြီး ပြည်ကြီးတံခွန် မြို့နယ်တွင် မူးယစ်မှောင်ခို ဂိုဏ်းအဖွဲ့အား ငွေကျပ်၇ ဒသမ ၃ ဘီလီယံကျော် တန်ဖိုးရှိဘိန်းဖြူ ၁၁ ကီလို၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၄၆ သိန်းကျော် နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**သိမ်းဆည်းရမိ**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်း ရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေး တိုင်းဒေသကြီး ပြည်ကြီးတံခွန် မြို့နယ် ၅၃ လမ်း၊ ၁၄၂ x ၁၄၃ လမ်းကြားတွင် မူးယစ်ဆေးဝါး အရောင်းအဝယ် ပြုလုပ်မည်ဖြစ် ကြောင်း သတင်းအရ စောင့်ဆိုင်း နေစဉ် ရောက်ရှိလာသူ ဇော်မင်းနိုင် နှင့် ဇင်ကိုကိုလွင်တို့ နှစ်ဦးအား LIGHT TRUCK ယာဉ်တစ်စီး၊ ဆိုင်ကယ်တစ်စီး၊ ဘိန်းဖြူ ၁၁ ကီလို တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ ကွင်းဆက် ဖော်ထုတ်ချက်အရ ဘိန်းဖြူများ အရောင်းအဝယ် ပြုလုပ်ရာတွင် ၁၀ ရာခိုင်နှုန်း အကျိုးဆောင်ခဖြင့် ပွဲစားပြုလုပ် ပေးသူ မကျော့ကေခိုင်(ခ)နန်းမွေ လျှန်းအား ပြည်ကြီးတံခွန်မြို့နယ် ၇၈ လမ်းနှင့် ၁၁၅ လမ်းထောင့် တွင်လည်းကောင်း၊ ပူးပေါင်းပါဝင် သူများဖြစ်သည့် အိုက်စိုင်းအား ၇၂(A)လမ်း၊ ၁၁၇ x ၁၁၈ လမ်း ကြားတွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ နှင့်လည်းကောင်း၊ ခွန်မြတ် (ခ)နောနော်နှင့် စိုင်းသိန်းမြတ်(ခ) စိုင်းလေးတို့အား ၁၅၁ လမ်း၊ ၇၁(A) လမ်းထောင့်တွင် PRADO ယာဉ်တစ်စီးနှင့် လည်းကောင်း ဆက်လက် ဖမ်းဆီးရမိခဲ့ကြောင်း၊ ၎င်းတို့၏ ဖော်ထုတ်ချက်များအရ ဘိန်းဖြူများ ရောင်းချခိုင်းသူ စိုင်းအိုက်ယုံ အား ၁၁၂(B)၊ ၅၀ x ၅၁ လမ်းကြားရှိနေအိမ်၌ ဘိန်းဆီခဲ ၂၅ ဂရမ်နှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ် ချက်အရ ၆၁ လမ်း၊ ၁၂၄ x ၁၂၅ လမ်းကြားရှိဂိုဒေါင်မှ စိတ်ကြွရူးသွပ် ဆေးပြား ၄၆ ဒသမ ၉၄ သိန်း ထပ်မံ သိမ်းဆည်းရမိခဲ့ ကြောင်း။

စစ်ဆေးဖော်ထုတ်ချက်များအရ ရှမ်းပြည်နယ်(တောင်ပိုင်း)ကျေးသီး မြို့နယ် ဝမ်ဟိုင်းနေ အိုက်ပေါင်း ၏ အစီအမံဖြင့် မန္တလေးတိုင်း ဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၆၁ လမ်း၊ ၁၂၄ x ၁၂၅ လမ်းကြားရှိ ဂိုဒေါင်ကို ငှားရမ်း၍ ကိုအောင် အား မူးယစ်ဆေးဝါးများ ထိန်းသိမ်း ထားစေကြောင်း၊ စိုင်းမွန်း(ခ) စိုင်းမွန်လောဝ်နှင့် စိုင်းအိုက်ယုံ တို့မှ မကျော့ကေခိုင်(ခ)နန်းမွေလျှန်း အား ပွဲစားခ ၁၀ ရာခိုင်နှုန်းပေး၍ မူးယစ်ဆေးဝါးများ အရောင်း အဝယ် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ အိုက်စိုင်း၊ ခွန်မြတ်(ခ)နောနော် နှင့် စိုင်းသိန်းမြတ်(ခ)စိုင်းလေး တို့သည် မူးယစ်ဆေးဝါးများ သယ်ယူပို့ဆောင်ခြင်းနှင့် ရောင်းရ ငွေများအား အဆင့်ဆင့်လွှဲပြောင်း လက်ခံယူသူများ ဖြစ်ကြောင်း သိရှိရပြီး စုစုပေါင်းဒေသကာလ တန်ဖိုးငွေကျပ် ၇ ဒသမ ၃ ဘီလီယံ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၆ ဒသမ ၉၄၂ သိန်းနှင့် ဘိန်းဆီခဲ ၂၅ ဂရမ် တို့ကို မူးယစ်ဆေးဝါး အရောင်း အဝယ်ပြုလုပ်ရာတွင် အသုံးပြုသည့် ယာဉ်သုံးစီး၊ ဆိုင်ကယ်တစ်စီး တို့နှင့်အတူ သိမ်းဆည်းရမိခဲ့ ကြောင်းသိရသဖြင့် ၎င်းမူးယစ် မှောင်ခိုဂိုဏ်း အဖွဲ့ဝင်များကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများ ကို ဆက်လက်စစ်ဆေး ဖော်ထုတ် လျက်ရှိကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

ပြည်ကြီးတံခွန်မြို့နယ်တွင် မူးယစ်မှောင်ခိုဂိုဏ်းအဖွဲ့အား ငွေကျပ် ၇ ဒသမ ၃ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၁၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၆ သိန်းကျော်နှင့်အတူ ဖမ်းဆီးရမိ






သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



## မုံ့ဒုံမြို့၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြော

**မုဒုံ ဖေဖော်ဝါရီ ၈**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတ ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က မြို့နယ်သစ်တောဦးစီးဌာနရုံး၌ ပြုလုပ် သည်။

ဟောပြောပွဲတွင် မုဒုံမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ဇောအောင်က မီးခိုးမြူငွေ့လျှော့ချခြင်းဆိုင်ရာနှင့် သစ်တော ထိန်းသိမ်းရေးအကြောင်းအရာကို ရှင်းလင်းပြောကြားပြီး တောအုပ်ကြီး ဦးစိုးဝင်းက ရေသယံဇာတထိန်းသိမ်းရေး အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထား သည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ် လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒ ဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူ သွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင် ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော် လည်း ဖေဖော်ဝါရီ ၈ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင် ခဲ့သည့် “Aung Myo Htike” Facebook အကောင့်နှင့် “San Yati Lin Latt” Facebook အကောင့်ပိုင်ရှင်များဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ဗိုလ်ကုန်းရပ်ကွက်နေ အောင်မျိုး ထိုက်နှင့် မေဘရဏီအောင်တို့နှစ်ဦးအား နံနက် ၁ နာရီတွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေ နှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေး ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကြံခင်းမြို့၌ မီးဘေးကြိုတင်ကာကွယ်ရေး စက်ရုံ၊ အလုပ်ရုံများစစ်ဆေး



**ကြံခင်း ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်း မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး မြို့နယ် အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများတွင် အသိပညာပေး စစ်ဆေးခြင်းကို ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့ သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကြံခင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်ဦးဆောင်ပြီး မြို့နယ် လျှပ်စစ်တာဝန်ရှိသူများ၊ သန္ဒေ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း ကာ စွမ်းအားခေါက်ဆွဲစက်ရုံနှင့် ဆီစက်များ၊ 5 Star ရေသန့်စက်ရုံ၊ ရွှေဆန်လှိုင် ဆန်စက်များအား စစ်ဆေးပြီး မီးဘေးအန္တရာယ် ပညာပေးရှင်းလင်းကာ မီးသတ် ဆေးဘူးအသုံးပြုပုံနှင့် မီးငြိမ်းသတ် နည်းစနစ်များကို လက်တွေ့သင် ကြား ပြသခဲ့ကြောင်း သိရသည်။

**ရောဦးသာ**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံ-လှိုင်းဘွဲ့ ကတ္တရာလမ်းဖွင့်

**ဘားအံ ဖေဖော်ဝါရီ ၈**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့မှ လှိုင်းဘွဲ့မြို့ကို တိုက်ရိုက်ဆက်သွယ်ထားသော အဓိကလမ်းမကြီးဖြစ်သည့် ဘားအံ-လှိုင်းဘွဲ့ ကတ္တရာလမ်းဖွင့်ပွဲကို ယနေ့မွန်းလွဲ ၃ နာရီက အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။

လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုကဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လမ်းတံတားများ အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခြင်းသည် ဒေသအတွင်းရှိ သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသနေတိုင်းရင်းသားပြည်သူများအားလုံး တည်ငြိမ်အေးချမ်းမှုကိုလိုလား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကြောင့် ရရှိလာသည့် အသီးအပွင့်များဖြစ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိလျှင် ယခုကဲ့သို့ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်မဟုတ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ အနေဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို အမြင်ကျယ်ကျယ်နှင့်ရှုမြင်ပြီး ဒေသတည်ငြိမ်အေးချမ်းရေး သက်ဆိုင်ရာအစိုးရဌာန၊အဖွဲ့ အစည်းများနှင့်အတူ လက်တွဲညီစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ညိုက လမ်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားပြီး ဒေသခံတိုင်းရင်းသားပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ညွှန်ကြားရေးမှူး(မြို့ပြ)က လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံငယ်များ ပေးအပ်သည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဘားအံ-လှိုင်းဘွဲ့ ကတ္တရာလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းဖွင့်ပွဲတွင် ပါဝင်အားဖြည့်ကူညီပေးကြသည့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့၊ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကာ လမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်သည့်လမ်းသည် ဘားအံမြို့မှ လှိုင်းဘွဲ့၊ ပိုင်ကျုံ၊ ရှမ်းရွာသစ်မြို့၊ ရွှေဂွန်း၊ မြိုင်ကြီးငူ၊ ကျုံထော်၊ မဲသဝေါ၊ ပရေကြေတို၊ လေးဝါး စသည့် အထင်ကရနေရာများသို့ သွားရောက်နိုင်ပြီး ထီလုံ-တာပေါင်-ပတ-နဘူး-ကော့ကရိတ်လမ်းမှတစ်ဆင့် နယ်စပ်ကုန်သွယ်မြို့ဖြစ်သော မြဝတီမြို့သို့သွားရောက်နိုင်ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ ပထမနေ့ ကျင်းပ

**ညောင်ရွှေ ဖေဖော်ဝါရီ ၈**



(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပွင့်လင်းရာသီ အင်းလေးဒေသ ခရီးသွားလုပ်ငန်း မြှင့်တင်ရေး အစီအစဉ်တစ်ရပ်အနေဖြင့် ကျင်းပသည့် အင်းသားရိုးရာလှေလှော်ပြိုင်ပွဲ(ပထမ)နေ့ကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ် ညောင်ရွှေမြို့ ကမ်းနားလမ်း ဖောင်တော်ပြန် ပြာသာဒ်ရှေ့ နန်းကပ်ချောင်းအတွင်း ကျင်းပသည်။

ပြိုင်ပွဲတွင် ကျောင်းသားနှစ်ကျိပ်ခြောက်တက်အသင်း လေးသင်း၊ အမျိုးသားလေးကျိပ်ခြောက်တက်အသင်း ခြောက်သင်းနှင့် အမျိုးသမီးနှစ်ကျိပ်ခြောက်တက်အသင်းလေးသင်းတို့ အကြိတ်အနယ် ပါဝင်ယှဉ်ပြိုင်လှော်ခတ်ကြသည်။

ပြိုင်ပွဲမကျင်းပမီနှင့် ပြိုင်ပွဲခေတ္တရပ်နားနေစဉ်ကာလများ၌ တိုင်းရင်းသားရိုးရာအကအလှများ၊ ဆွမ်းပို့လှေသရုပ်ပြလှော်ခတ်မှုများနှင့် တင်ဆက်ဖျော်ဖြေကြပြီး ဒေသခံပြည်သူများနှင့် ခရီးသွားဧည့်သည်များ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ပါဝင်ယှဉ်ပြိုင်လှော်ခတ်ခဲ့ကြသည့် ပြိုင်ပွဲဝင်အသင်းများကို တာဝန်ရှိသူများက ပြိုင်ပွဲဝင်ဂုဏ်ပြုဆုများ ပေးအပ် ချီးမြှင့်ခဲ့ကြောင်းနှင့် ပြိုင်ပွဲဒုတိယနေ့ကို ဖေဖော်ဝါရီ ၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့မှူးမြို့နယ် ကျွဲလူးအိုင်ကျေးရွာ ကုန်ထုတ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ကော့မှူး ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျွဲလူးအိုင်ကျေးရွာကုန်ထုတ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ကိုလတ်က ကျေးလက်ကုန်ထုတ်လမ်းများ ဆောင်ရွက်ပေးခြင်းကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညွှန့်နွယ်၊ တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သက်ဦး၊ Straight Life ကုမ္ပဏီတာဝန်ခံ ဦးဇေယျာဖြိုးနှင့် ကျွဲလူးအိုင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစန်းလွင်တို့က ကုန်ထုတ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျွဲလူးအိုင်ကျေးရွာ ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၈၇ သန်းဖြင့် Straight Life ကုမ္ပဏီမှတာဝန်ယူ၍ ၂၀၂၄ ခုနှစ် ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် ရာနှုန်းပြည့်ပြီးစီးခဲ့ကြောင်း သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန်အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကိုရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူရယူနိုင်သော နေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ ဒို့ပြည်ထောင်စု ခိုင်မြဲမည်

# ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းစနစ်

**ဦးဇော်(DoTP)**

### ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလိုင်စင်များ ထုတ်ပေးနေမှုအခြေအနေ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် **“ပို့ဆောင်ဆက်သွယ် ပြည်ကျိုးရွယ်”** ဟူသည့်ဆောင်ပုဒ်နှင့်အညီ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်အများပြည်သူအား ကောင်းမွန်သောဝန်ဆောင်မှုများ ပေးအပ်လျက်ရှိပြီး နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး ဖြည့်ဆည်းဆောင်ရွက်ရာတွင်ဦးဆောင်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ဝန်ကြီးဌာနလက်အောက်ရှိ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနသည်လည်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များကို“ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ” နှင့်အညီ စနစ်တကျ စိစစ်ထုတ်ပေးနေပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍ စနစ်တကျရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနက တာဝန်ယူထုတ်ပေးလျက်ရှိသောပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ (Domestic Operator Licenses – DOLs) ထုတ်ပေးရာတွင် ပိုမိုထိရောက်သော လုပ်ငန်းဝန်ဆောင်မှုများပေးနိုင်ရေးနှင့် နိုင်ငံတော်၏ e-Government စနစ်များကိုအကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက် အများပြည်သူတို့အနေဖြင့်အွန်လိုင်းစနစ်အသုံးပြု၍ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်းနှင့် မိတ္တူထုတ်ယူခြင်း (ပျောက်ဆုံး/ပျက်စီး) အပါအဝင် လုပ်ငန်းရပ်များကို အချိန်ကုန်သက်သာပြီး လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက်ကွန်ပျူတာစနစ်ရေးဆွဲကာ ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ကွန်ပျူတာစနစ်ရေးဆွဲခြင်းကို အစိုးရ-ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုပုံစံ (PPP)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ စမ်းသပ်ကာလကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်ပြီး ဧပြီလတွင် ပထမအဆင့်အဖြစ် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်းတို့ကို စတင်မည်ဖြစ်သည်။ ဒုတိယအဆင့်တွင်လိုင်စင်သက်တမ်းတိုးခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်းတို့ကို နေပြည်တော် ပြည်ထောင်စုနယ်မြေရုံးနှင့် ကျန်ဒေသရုံးခွဲများတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ရာ တတိယအဆင့်တွင်ကျန်ရှိသော လုပ်ငန်းလိုင်စင်အသစ်လျှောက်ခြင်း၊ ယာယီလုပ်ငန်းလိုင်စင် လျှောက်ထားခြင်း၊ မိတ္တူလျှောက်ထားခြင်း၊ လုပ်ငန်းလိုင်စင်ဖျက်သိမ်းခြင်းစသည်တို့ကို ကွန်ပျူတာစနစ်ဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရသော် ၂၀၂၆ ခုနှစ် ဧပြီလမှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်၊ တွဲဖက်ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်ရုံးများ အားလုံးတွင်ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များကို လုပ်ငန်းဆောင်ရွက်သူ/လုပ်ငန်းရှင်များက လုပ်ငန်းလိုင်စင်ကိစ္စရပ်များကို ရုံးသို့လာရောက်ဆောင်ရွက်ရန်မလိုတော့ဘဲ အွန်လိုင်းမှတစ်ဆင့် လျှောက်ထားရယူနိုင်တော့မည်ဖြစ်ပါသည်။

### ကွန်ပျူတာစနစ်အား အကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုအခြေအနေ

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းစနစ် (Domestic Operator License Application and Registration System – DOLARS) အားအစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ (PPP)ဖြင့် ကွန်ပျူတာစနစ် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တင်ဒါလုပ်ထုံးလုပ်နည်းများနှင့်အညီ အထက်ဌာနအဆင့်ဆင့်၏ခွင့်ပြုချက်နှင့် လမ်းညွှန်ချက်များ ရယူဆောင်ရွက်ကာ တင်ဒါခေါ်ယူခြင်းလုပ်ငန်းစဉ်များကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး နောက်ဆုံးအဆင့်တွင် တင်ဒါအောင်မြင်ခဲ့သော Secure Link Co., Ltd. နှင့် ၂၀၂၄ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် သဘောတူစာချုပ် ချုပ်ဆို၍ လုပ်ငန်းတည်ဆောက်ရေးကာလ၏ ပထမခြောက်လကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

လုပ်ငန်းအကောင်အထည်ဖော်ခြင်း၏ ပထမခြောက်လတွင် လုပ်ငန်းလိုင်စင်သက်တမ်းတိုးခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်းတို့အတွက် လျှောက်ထားခြင်း၊ ငွေပေးသွင်းခြင်းတို့ကို ရန်ကုန်တိုင်းဒေသကြီးရုံးနှင့်မန္တလေးတိုင်းဒေသကြီးရုံးတို့တွင်အွန်လိုင်းစနစ်ဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ရာ ကုမ္ပဏီမှ ကွန်ပျူတာစနစ်နှင့်စပ်လျဉ်း၍ Program ကိုစမ်းသပ်အသုံးပြုပြီး လိုအပ်သလိုပြင်ဆင်ခြင်း၊ စနစ်ဖြင့် တွဲဖက်အသုံးပြုမည့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ (Hardware) တပ်ဆင်ခြင်းနှင့် ဌာနရှိဝန်ထမ်းများအား စနစ်အသုံးပြုနိုင်ရန်အတွက် System Training နှင့် System Testing များ ဖြစ်သည့် User Acceptance Test (UAT) အဆင့်များကိုစနစ်တကျ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

### ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနက ထုတ်ပေးလျက်ရှိသော လုပ်ငန်းလိုင်စင်အမျိုးအစားများ

ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနအနေဖြင့်ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများကိုစနစ်တကျ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ကွပ်ကဲ၍ကုန်စည်သယ်ယူပို့ဆောင်ရေး လုပ်ငန်းလိုင်စင်("က"လိုင်စင်)၊ ခရီးစဉ် ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်("ခ"လိုင်စင်)၊ စင်းလုံးငှားခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်("ဂ"လိုင်စင်)၊ ပဋိညာဉ်အရသယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်("ဃ"လိုင်စင်)၊ ကိုယ်ပိုင်စီးပွားရေးအတွက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလိုင်စင်("င"လိုင်စင်) တို့ကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ထုတ်ပေးလျက်ရှိပါသည်။

ဖော်ပြပါ လိုင်စင်အမျိုးအစားများအတွက် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူ (သို့မဟုတ်) ၎င်းတို့၏ကိုယ်စားလှယ်များကအွန်လိုင်းစနစ်အသုံးပြု၍ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ Online Service Portal ဖြစ်သည့် www.dotp.gov.mm သို့ ဝင်ရောက်ကာ Menu Bar ရှိ “လိုင်စင်လျှောက်ထားခြင်း” Feature မှတစ်ဆင့် မိမိ၏ အီးမေးလ်ကိုအသုံးပြု၍ မှတ်ပုံတင်ဝင်ရောက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ စနစ်အသုံးပြုပုံ (User Manual Guide) ကိုလည်း ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ အင်တာနက်စာမျက်နှာတွင် Download ရယူပြီး ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

### အများပြည်သူသိရှိနိုင်ရန် အသိပညာပေးဆောင်ရွက်နေမှု အခြေအနေ

နိုင်ငံတော်၏ e-Government စနစ်များအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဌာန၊ အဖွဲ့အစည်းများနှင့် အများပြည်သူ၏ ပူးပေါင်းဆောင်ရွက်မှုမှာ အလွန်အရေးပါသဖြင့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ အွန်လိုင်းစနစ်အသုံးပြု၍ ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးခြင်း လုပ်ငန်းအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် အများပြည်သူ ကျယ်ပြန့်စွာသိရှိနိုင်ရန် ရှင်းလင်းဆွေးနွေးခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့နှင့် ၄ ရက်နေ့တို့တွင် ပြည်သူများသို့ အသိပညာပေးခြင်း (Public Awareness) များကို သက်ဆိုင်ရာ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ဆက်စပ်ဌာန/အဖွဲ့အစည်းများနှင့် ခရီးသည်ယာဉ်အသင်းအဖွဲ့များ၊ ကုန်တင်ယာဉ်အသင်းအဖွဲ့များအား ဖိတ်ကြား၍ အွန်လိုင်းကွန်ပျူတာစနစ်ဖြင့် ရေးဆွဲဆောင်ရွက်ခဲ့သည့် Secure Link Co., Ltd.၊ Delivery ဝန်ဆောင်မှုပေးမည့် MGL Co., Ltd. နှင့် အွန်လိုင်းငွေပေးချေမှုတွင် ပူးပေါင်းဆောင်ရွက်မည့် CB Bank တို့က လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး အသေးစိတ်ရှင်းလင်းတင်ပြမှုကို ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ အသိပေးကြေညာချက်တို့ကိုလည်း နိုင်ငံပိုင်သတင်းစာများတွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ တစ်ပြိုင်တည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင် လုပ်ငန်းဆောင်ရွက်သူများ၊ လုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး သိရှိလေ့လာလိုသူများ အလွယ်တကူ လေ့လာကြည့်ရှုစမ်းသပ်နိုင်ရန် ဝန်ကြီးဌာန၏ Website၊ Myanmar National Portal (MNP) Website နှင့် ဌာန၏ အင်တာနက်စာမျက်နှာဖြစ်သည့် www.dopt.gov.mm တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

### DOLARS စနစ်ဖြင့် လုပ်ဆောင်နိုင်မည့် လုပ်ငန်းများ

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းစနစ် (Domestic Operator License Application And Registration System–DOLARS) ကိုအသုံးပြု၍ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပြင်ဆင်ပြောင်းလဲခြင်းများကို သက်ဆိုင်ရာ လိုင်စင်အမျိုးအစားအလိုက် အွန်လိုင်းစနစ်အသုံးပြု၍ လျှောက်ထားဆောင်ရွက်ခြင်း၊ သတ်မှတ်ထားသည့် အခကြေးငွေများကို Online Payment ဖြင့် ပေးသွင်းခြင်း၊ လုပ်ငန်းလိုင်စင်လျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများကို Delivery Service အသုံးပြု၍ ရုံးသို့ပေးပို့တင်ပြခြင်းနှင့် လျှောက်ထားသူထံသို့ အိမ်တိုင်ရာရောက် ပြန်လည်ပို့ဆောင်ပေးခြင်း၊ မျက်မြင်စိစစ်ဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းစဉ်များအတွက် ကြိုတင်ရက်ချိန်းရယူခြင်း (Online Booking System) များကို လုပ်ငန်းရှင်များအနေဖြင့် လူကိုယ်တိုင်ရုံးသို့လာရောက်စရာမလိုတော့ဘဲ အချိန်ကုန်သက်သာစွာဖြင့် ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။

### အွန်လိုင်းကွန်ပျူတာစနစ် အသုံးပြုခြင်းဖြင့် ရရှိနိုင်မည့် အကျိုးရလဒ်များ

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းစနစ် (Domestic Operator License Application And Registration System–DOLARS)ကို အသုံးပြုခြင်းဖြင့် လုပ်ငန်းဆောင်ရွက်သူ လုပ်ငန်းရှင်များ/လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အောက်ပါအကျိုးရလဒ်များကို ရရှိနိုင်မည်ဖြစ်ပါသည် –

- လုပ်ငန်းလိုင်စင်ကို ရိုးရှင်းလွယ်ကူစွာ လျှောက်ထားနိုင်ခြင်း၊
- အချိန်ကုန် လူပင်ပန်းသက်သာပြီး စိတ်ချမ်းမြေ့မှုရရှိနိုင်ခြင်း၊
- မိမိ၏လျှောက်ထားမှုကို သက်ဆိုင်ရာဌာနက အဆင့်ဆင့်စိစစ်ပြီး ဆောင်ရွက်ချက်များအား မိမိ Account ၏ Notification များတွင် ကြည့်ရှုနိုင်ခြင်း၊
- အွန်လိုင်းမှတစ်ဆင့် အဆင်ပြေလွယ်ကူစွာ ငွေပေးချေနိုင်ခြင်း၊
- Delivery စနစ်၏ အိမ်တိုင်ရာရောက်ပေးပို့နိုင်သည့် ဝန်ဆောင်မှုဖြစ်သဖြင့် အချိန်ကုန်လူပန်းသက်သာမှုရှိစေခြင်း၊
- မိမိရရှိထားသည့် ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း

> **❝ ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ (Domestic Operator Licenses – DOLs) ထုတ်ပေးရာတွင် ပိုမိုထိရောက်သော လုပ်ငန်းဝန်ဆောင်မှုများပေးနိုင်ရေးနှင့် နိုင်ငံတော်၏ e-Government စနစ်များကို အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်နိုင်ရေးတို့အတွက် အများပြည်သူတို့အနေဖြင့် အွန်လိုင်းစနစ်အသုံးပြု၍ လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်းနှင့် မိတ္တူထုတ်ယူခြင်း (ပျောက်ဆုံး/ပျက်စီး) အပါအဝင် လုပ်ငန်းရပ်များကို အချိန်ကုန်သက်သာပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ရေးအတွက် ကွန်ပျူတာစနစ်ရေးဆွဲကာ ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများပေးနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ❞**

**စာမျက်နှာ ၁၉ သို့** ☆

# ပဲခူးမြို့၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်




ပဲခူး ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းက (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ဦးစွာ တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပရေးဦးစီးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့်ဒေသဖြစ်ကာ မရှိမဖြစ်အခြေခံစားသုံးကုန်ဖြစ်သည့်ဆန်၊ ဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုးအား ပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သည့် တောင်သူလယ်သမားကြီးများကို ချီးကျူးဂုဏ်ပြုပေးနိုင်ရေးနှင့် တက်ရောက်လာသည့်အခြားတောင်သူများကိုလည်း မျိုး၊ မြေ၊ ရေ၊ နည်းအဓိကလမ်း လေးသွယ် အရေးပါပုံများ၏ အတွေ့အကြုံကောင်းများကို တောင်သူအချင်းချင်း ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများလည်း ထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ၊ ဖိတ်ကြားရေး၊ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံရေးလုပ်ငန်းကော်မတီ၊ ဓာတ်သဘင်နှင့်ဖျော်ဖြေရေးလုပ်ငန်းကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ ပြန်ကြားရေးနှင့်မှတ်တမ်းတင်ရေး လုပ်ငန်းကော်မတီ၊ ကျန်းမာရေးလုပ်ငန်းကော်မတီ၊ ပို့ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လုပ်ငန်းစဉ်တစ်ခုချင်းအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ခရိုင်အလိုက် MSME ထုတ်ကုန်များနှင့်လယ်ယာသုံး စက်ကိရိယာများ ပြသရောင်းချနိုင်ရေး၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန် ပြပွဲ ပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ အခမ်းအနားသို့ တက်ရောက်မည့် တောင်သူလယ်သမားများနှင့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၏ အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြရာ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ်က ကဏ္ဍတစ်ခုချင်းအလိုက် လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ပခုက္ကူတက္ကသိုလ်၌ ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာပဒေသာကပွဲ ကျင်းပ

ပခုက္ကူ ဖေဖော်ဝါရီ ၈

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းရင်းသားရိုးရာပဒေသာကပွဲကို ယနေ့နံနက် ၁၀ နာရီက ပခုက္ကူ တက္ကသိုလ်ကျွန်းရွှေဝါခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ပခုက္ကူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စွာရဲက အမှာစကားပြောကြားပြီး ပခုက္ကူတက္ကသိုလ်ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က တိုင်းရင်းသားရိုးရာပဒေသာကပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီးအဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အထူးပြုဘာသာရပ်ပေါင်းစုံမှ ကျောင်းသား ကျောင်းသူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များက တေးသီချင်း အကအလှများဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။

**ဘာမီသာ(ပခုက္ကူ)**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

ဒဂုံမြောက် ဖေဖော်ဝါရီ ၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်(၃) ဖြင့်ဆောင်ရွက်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ငါးမာန်အောင်ဘုရားလမ်း အမှတ်



(၃၃) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဝင်းက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်လဝကဦးစီးမှူးက နိုင်ငံသားစိစစ်ရေးကတ်ပြား အသုံးဝင်ပုံနှင့် ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကာ ပြည်သူများ၏လက်ဝယ်သို့ အိမ်ထောင်စုလူဦးရေစာရင်း ၂၄ စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၅၅ ကတ်ကို ပေးအပ်ခဲ့သည်။

**မြင့်မြင့်ရီ(ပြန်/ဆက်)**

## ပုသိမ်ကြီးမြို့နယ် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်မှု ကွင်းဆင်းစစ်ဆေး

ပုသိမ်ကြီး ဖေဖော်ဝါရီ ၈

မန္တလေးတိုင်း ဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျာဝင်းသည် ယမန်နေ့ နံနက်ပိုင်းက အမရပူရခရိုင်



လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ)ဦးရဲလွင်နှင့် ပုသိမ်ကြီး မြို့နယ်ဦးစီးအရာရှိ (မြို့ပြ) ဒေါ်မိုးခိုင်တို့နှင့်အတူ ပုသိမ်ကြီး မြို့နယ် အုန်းချော-ဆည်တော်-ဂိုက်တန်းလမ်းပေါ်ရှိ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပြီးစီးမှုအပေါ် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယခင် အုန်းချော-ဆည်တော်-ဂိုက်တန်းလမ်းပေါ်ရှိ ကွန်ကရစ်တံတားသည် အရှည် ပေ ၄၀ ဖြစ်ရာ မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေ တိုက်စားမှုကြောင့် ကမ်းကပ်ခုံနှစ်ဖက် ကျိုးကျပျက်စီးသွားခဲ့သဖြင့် ကျေးလက်နေပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု (မူလ) ရန်ပုံငွေကျပ် ၂၆၄ သန်းဖြင့် အရှည် ၁၈ ဒသမ ၂၉ မီတာရှိ ကွန်ကရစ်တံတား တစ်စင်းအား ပြန်လည် အကောင်အထည်ဖော် တည်ဆောက် ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

☆ စာမျက်နှာ ၁၈ မှ

လုပ်ကိုင်ခွင့်လိုင်စင်နှင့်စပ်လျဉ်းသည့် အချက်အလက်များအားလုံးကို မိမိ Account တွင် အချိန်နှင့်တစ်ပြေးညီ စစ်ဆေးသိရှိနိုင်ခြင်းနှင့် အလွယ်တကူ ပြန်လည်ရှာဖွေကြည့်ရှုစစ်ဆေးနိုင်ခြင်း။

**အများပြည်သူအကျိုးရှေးရှုသည့် ဝန်ဆောင်မှုများဆီသို့**

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန အနေဖြင့် အွန်လိုင်းစနစ်သို့ စတင်ကူးပြောင်းဆောင်ရွက်ချိန်တွင် ရင်ဆိုင်တွေ့ကြုံရမည့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် ဌာနရှိဝန်ထမ်းများနှင့် ကုမ္ပဏီမှတာဝန်ရှိသူများပူးပေါင်း၍ User Training၊ Administrator Training နှင့် System Testing အစီအစဉ်ဆောင်ရွက်ခြင်းတို့ကို ရန်ကုန်တိုင်းဒေသကြီးရုံး၊ မန္တလေးတိုင်းဒေသကြီးရုံးနှင့် နေပြည်တော် (ရုံးချုပ်)တို့တွင် သတ်မှတ်ရက်များအလိုက် ကျင်းပခဲ့ပြီးဖြစ်ပါသည်။

ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနနှင့် Secure Link Co., Ltd. မှ တာဝန်ရှိသူများပူးပေါင်း၍ အများပြည်သူအတွက် အသိပညာပေးအစီအစဉ်များနှင့် User Training များ ဆောင်ရွက်ပြီးဖြစ်သကဲ့သို့ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တွေ့ကြုံလာရသည့် အခက်အခဲများကို ထိရောက်စွာဖြေရှင်းနိုင်ရန် အွန်လိုင်းစနစ်ကို တာဝန်ယူရေးဆွဲသည့် Secure Link Co., Ltd. နှင့် Online Payment စနစ်ကို တာဝန်ယူဆောင်ရွက်သည့် CB Bank တို့မှ Helpdesk များ ဖွင့်လှစ်၍ ဌာနမှဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပြီး သယ်ယူပို့ဆောင်ရေး လုပ်ငန်းလိုင်စင်လျှောက်ထားသူများအား အကူအညီပေးနိုင်ရေးကိုလည်း ဆောင်ရွက်ထားပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်၏ e-Government လုပ်ငန်းစဉ်များကို အထောက်အကူပြုသည့်အပြင် ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရေးပါသည့် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၏ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားခြင်းနှင့် မှတ်ပုံတင်ခြင်းစနစ် (Domestic Operator License Application And Registration System-DOLARS) ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အများပြည်သူအား အကျိုးပြုနိုင်သော သယ်ယူပို့ဆောင်ရေးစနစ်များ ပေါ်ထွန်းလာစေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား

ဝတ္ထုတို

## ပိုင်ဆု(ပညာရေး)




(၁)

"မောင်လေးအောင်ခန့်သူ မောင်လေး ထတော့ မောင်လေး"

"ဟာ အစ်မကလည်း မနက်ငါးနာရီ တောင်မထိုးသေးဘူး၊ အစောကြီးပဲရှိသေး တယ်"

"စောတယ်လုပ်မနေနဲ့၊ တော်ကြာ ကောင်းဟိန်းတို့အုပ်စု အရင်ရောက်သွား ရင် ငါတို့ဘာမှရမှာမဟုတ်ဘူးနော်"

"အင်းပါ အင်းပါ ထပြီ"

အိပ်မှုန်စုံမွှားနှင့်ထပြီး မျက်နှာသစ် ရန်ထသွားသော မောင်ဖြစ်သူကိုကြည့်ပြီး အေးညို ပြုံးလိုက်သည်။ မောင်ဖြစ်သူ၏ အိပ်ရာကို သိမ်းပေးထားလိုက်သည်။ ခဏကြာ မောင်နှမနှစ်ယောက်သား အိမ်ကနေထွက်လာခဲ့ကြတော့သည်။

ဆောင်းရာသီ၏ မနက်ခင်းအစော ပိုင်းမို့ အချမ်းဓာတ်က အစွမ်းကုန်ပင်။ ရောင်နီကလည်း တော်ရုံမပျို့သောရာသီမို့ လျှပ်စစ်မီးတိုင်မရှိသောလမ်းမထက်တွင် ကွယ်ပျောက်ခါနီးလရောင်ကိုသာ အားပြု ရင်း လျှောက်လာခဲ့ကြသည်။

"အစ်မ ကောင်းဟိန်းတို့ မရောက် လောက်သေးပါဘူး၊ ဖြည်းဖြည်းသွား ပါဗျ"

"ဖြည်းဖြည်းသွားလို့မရဘူးမောင် လေးရေ၊ တော်ကြာ ဈေးထဲမရောက်ဘဲနေ လိမ့်မယ်၊ နောက်ကျတဲ့ခြေထောက် သစ္စာ ဖောက်ပဲ၊ လာမြန်မြန်"

သူ၏ စကားကြောင့် ခေါင်းကုတ်ပြီး အမီလိုက်လာသော မောင်ဖြစ်သူကို ရယ်ချင်မိပေမယ့် မရယ်မိပေ။ သူ၏ ရည်ရွယ်ရာ အင်ကြင်းလမ်းဆီသို့သာ စိတ်ကရောက်နှင့်နေသည်။

အင်ကြင်းလမ်းသို့ စဝင်သည်နှင့် မြေပြင်ပေါ်တွင် ကြွေကျနေသော သရက်သီးအကင်းလေးများကို ပျော်ရွှင်စွာ မြင်တွေ့လိုက်ရသည်။ မောင်နှမနှစ်ယောက် အမြန်ပြေးကောက်လိုက်ပြီး အသင့်ယူဆောင်လာသော အိတ်အထဲသို့ ထည့်လိုက်ကြသည်။ ကောင်းဟိန်းတို့ အဖွဲ့မရောက်လာသေး၍သာ တော်သေးသည်။ ထို့နောက်နောက်ထပ်တစ်နေရာသို့ အမြန်ထပ်သွားပြီး ကြွေကျနေသော သရက်သီးများကို ကောက်ယူလိုက်ကြပြန်သည်။

အင်ကြင်းလမ်းသည် လူခြေတိတ်ပြီး ထိုလမ်းရှိ အိမ်အတော်များများတွင် သရက်ပင်များရှိသည်။ ထိုအပင်တော်တော်များများ၏ အကိုင်းတချို့သည် ခြံပြင်သို့ ထွက်နေကြသည်။ အပင်ပေါ်ရှိ အသီးများ ခူးယူရန် မလွယ်ကူပေမယ့် အပြင်သို့ကြွေကျနေသော အသီးများကို လာရောက်ကောက်ယူသူများရှိကြသည်။ သူတို့မောင်နှမသည်လည်း သရက်သီးသီးချိန်ရောက်တိုင်း ထိုလမ်းသို့ ရောက်ဖြစ်ကြသည်မှာနှစ်စဉ်ပင်။

တို့စားရန်ကောင်းသော သရက်သီး အကင်းအရွယ်လေးတွင်သာကြွေကျတတ်သည်။ သရက်သီးကြီးသွားသည့်အချိန် ကြွေကျရန် သိပ်မလွယ်ကူတော့ပေ။ ထိုသို့ကောက်ရာတွင်လည်း တချို့သော အိမ်များက ကြွေကျနေသော အသီးကို ပင်နှမြော၍ မောင်းထုတ်တတ်ကြသေး သည်။

"မောင်လေး ပြန်ကြရအောင်"

"ဟာ အစ်မကလည်း ဟိုဘက်မှာ အပင်တွေရှိသေးတယ်လေ"

"ဩော် မောင်လေးရယ် ငါတို့လည်း များနေပြီလေ၊ ဟိုဘက်အပင်တွေက ကောင်းဟိန်းတို့ ကောက်ကြပါစေ၊ တော်ကြာသူတို့လာလို့ ဘာမှမရသွားရင်ဘယ် အဆင်ပြေပါ့မလဲ၊ ကိုယ့်အတွက်ချည်းပဲ မကြည့်ရဘူး မောင်လေးရဲ့"

သူ၏ အပြောကို မောင်ဖြစ်သူသည် နားမလည်နိုင်သောမျက်လုံးအဝိုင်းသားဖြင့် ကြည့်နေသည်။ တစ်နေ့နေ့တော့ မောင်လေးနားလည်မည်ဟု သူ ယုံကြည်ပါသည်။ မောင်လေးသည် အသက်ဆယ်နှစ်ကျော်သာ ရှိသေးသည်။ သူကတော့ ဆယ့်ငါးနှစ်။ အဖေမရှိတော့ပေမယ့် အမေဖြစ်သူနှင့်အတူ ခက်ခဲစွာရပ်တည်ခဲ့ရသည်။ ထို့ကြောင့် မောင်ဖြစ်သူကိုသာ ကျောင်းဆက်တက်စေခဲ့ပြီး သူကတော့ ခုနစ်တန်းနှင့်ပင် ကျောင်းထွက်ခဲ့ရသည်။ အမေဖြစ်သူသည် ကျန်းမာရေးမကောင်းသောကြောင့် အရာအားလုံးသည် သူ၏ တာဝန်သာဖြစ်ခဲ့ရသည်။

မောင်ဖြစ်သူကို အိမ်အတွက် တို့စားရန် သရက်သီးလေးလုံးပေးပြီး ပြန်ခိုင်းလိုက်တော့သည်။ သူကတော့ သရက်သီးများကို အသင့်ယူဆောင်လာသောဗန်းအတွင်းသို့ထည့်၍ ဈေးထဲသို့ အမြန်သွားလိုက်တော့သည်။ ပေါ်ဦး ပေါ်ဖျား သရက်သီးအကင်းသည် လူကြိုက်များပြီး ဈေးကောင်းလည်းရသောကြောင့်ပင် ဖြစ်သည်။

သူ့အတွက်တော့ သရက်သီးပေါ်ချိန်တွင် သရက်သီးရောင်းပြီး သရက်သီးကုန်ချိန်တွင် ဖရဲသီးစိတ်၊ ကန်စွန်းရွက်တို့ကို ဖောက်သည်ယူပြီးလိုက်ရောင်းချခြင်းဖြင့် မိသားစုဝန်ကို ထမ်းဆောင်ပေးနေရသည်။ သို့သော် သူကျေနပ်ပါသည်။ အမေနှင့်မောင်လေးသည် သူ့ဘဝရပ်တည်မှုအတွက် အရေးကြီးဆုံး ခွန်အားများ ဖြစ်သောကြောင့်ပင်။

(၂)

သရက်သီးရောင်း၍ရသောပိုက်ဆံများထဲမှ ကန်စွန်းရွက်တစ်စည်း၊ ကြက်ဥနှစ်လုံးနှင့် ငါးပိရည်ကျိုတစ်ဆယ်သားတစ်ထုပ်ဝယ်လာခဲ့သည်။ ဆန်နှင့်ဆီက အိမ်တွင်အနည်းငယ် ကျန်သေးသောကြောင့်ပင်။ ပိုသောပိုက်ဆံများထဲမှ နှစ်ရာတန်တစ်ရွက်ကိုဖယ်လိုက်ပြီး ကျန်ပိုက်ဆံများကို အမေ့အားပေးရန် သားရေကွင်းဖြင့် စည်းထားလိုက်သည်။

အမေ့အားပေးပြီးသည်နှင့် သူသိလိုသော အကြောင်းတရားတစ်ခုကိုသိရန် ထမင်းစားပွဲအုပ်ဆောင်းကို လှန်လိုက်သည်။ သူထင်သည့်အတိုင်းပင် သရက်သီးများကို တို့စားရန် လေးစိတ်စိတ်ထားပြီး ပန်းကန်လုံးထဲတွင်ရေအနည်းငယ်စိမ်၍ ထည့်ထားသည်။ တစ်စိတ်ချင်း အမေမသိအောင်ရေလိုက်သည်။ စုစုပေါင်း ရှစ်စိတ်ပင်ဖြစ်သည်။ထို့ကြောင့် သရက်သီးနှစ်လုံးကိုသာခွဲထားကြောင်း သူ သိလိုက်ပါသည်။ သူပေးလိုက်သော သရက်သီးသည်လေးလုံး။ ယခုအခါသူ ပေးလိုက်သော သရက်သီးလေးလုံးသည် အမြဲလိုပင် နှစ်လုံးပျောက်နေသည်မှာ နေ့စဉ်ပင်ဖြစ်သည်။

မောင်ဖြစ်သူအားတီးတိုးမေးပေမယ့် သူအမြဲပေးနေသည်မှာ လေးလုံးပင်ဖြစ်ကြောင်း သိလိုက်ရသည်။ အမေ့အား မေးချင်ပေမယ့် သူ မမေးရက်ခဲ့ပေ။

"အေးသီတာ သမီးရေ နင့်မောင်ကို ကျောင်းပို့ဖို့ လုပ်ပေးလိုက်ဦး၊ အမေမီးဖိုထဲခဏဝင်လိုက်ဦးမယ်"

"ဟုတ်ကဲ့အမေ"

နေ့စဉ်ပျောက်ဆုံးနေသော သရက်သီးနှစ်လုံး၏ သံသယအတွေးကို ဖျောက်လိုက်ပြီး မောင်ဖြစ်သူကို သနပ်ခါးလူးပေးပြီးသည်နှင့် ကျောင်းကိုလိုက်ပို့ပေးလိုက်တော့သည်။

(၃)

ကျောင်းပိတ်ရက်မို့ သရက်သီး ကောက်ပြီးသည်နှင့် မောင်ဖြစ်သူကိုပါ ဈေးထဲသို့ ခေါ်သွားလိုက်တော့သည်။

"သရက်သီးလေးတွေ ရမယ်နော်၊ တို့စားလို့ရတယ် အားပေးသွားကြပါဦးဗျ"

မောင်ဖြစ်သူ အောင်ခန့်သူသည်လည်း အတော်အတန်သင့် ရောင်းချတတ်နေပြီဖြစ်သည်။ အမေသည် သူတို့မောင်နှမနှစ်ယောက်ကို အလုပ်မခိုင်းချင်ပေမယ့် အမေ့၏ ကျန်းမာရေးအခြေအနေကြောင့်သာ လုပ်ခိုင်းမှန်းသိပါသည်။

"အစ်မရေ ရောင်းကောင်းရဲ့လား"

သူတို့ဈေးထိုင်ရောင်းသည့်နေရာသို့ ရောက်လာပြီး စကားလာပြောသူမှာ ကောင်းဟိန်းပင်ဖြစ်သည်။ ကောင်းဟိန်းသည် သူတို့ကဲ့သို့ သရက်သီးကိုထိုင်မရောင်းဘဲ ဗန်းဖြင့်ရွက်ကာ ဈေးတစ်လျှောက်ပတ်ပြီး လိုက်ရောင်းချနေခြင်းဖြစ်သည်။ ကောင်းဟိန်းသည် အသက် ၁၂ နှစ်ဖြစ်ပြီး ကျောင်းဆက်မတက်ဖြစ်တော့ပေ။

"ဒီလိုပါပဲ၊ ဒီနေ့ကသိပ်မရဘူးလေ၊ ဒါကြောင့်နည်းနည်းပဲ ကုန်တော့မှာပါ"

"ဒီနေ့က အစ်ကိုတို့ကအကုန်ကောက်သွားတာကိုး၊ ကျွန်တော်တို့ကဘယ်ရမလဲဗျ"

မောင်ဖြစ်သူက ကလေးပီပီဒေါသတကြီးဖြင့် စူပုပ်ပြီးပြောလိုက်ခြင်းဖြစ်သည်။ ကောင်းဟိန်းက စိတ်မဆိုးဘဲ သဘောကျပြီး ပြုံးသွားသည်ကို သတိထားမိလိုက်သည်။

"ရော့ ဒီမှာ အစ်မတို့အတွက် ကျွန်တော်ကောက်ပေးထားတာ၊ အချိန်ရှိသေးတာပဲ ဆက်ရောင်းလို့ရသေးတယ်"

"ဟင် ငါတို့အတွက် ဟုတ်လား၊ ဘာဖြစ်လို့တုန်း"

"ဒီလိုလေ အစ်မတို့က သရက်သီးကောက်ရင် ဘယ်တော့မှအကုန်မကောက်ဘဲ ကျွန်တော်တို့အတွက် ချန်ပေးထားတာသိပါတယ်။ ဘဝတူအချင်းချင်း စာနာတတ်တဲ့စိတ်ကို လေးစားလို့ပါ။ ဒါကြောင့် အစ်မတို့နောက်ကျတဲ့နေ့ဆို ကျွန်တော်ကလည်း တတ်နိုင်တဲ့ဘက်က ပြန်ကူညီတာပါ၊ မကောက်ဘဲထားခဲ့ရင်တော့ အစ်မတို့ မကောက်ဘဲသူများတွေ ကောက်သွားမှာစိုးလို့ ကောက်ပေးထားတာပါ"

ကောင်းဟိန်း၏ စကားကြောင့် သူတို့မောင်နှမနှစ်ယောက်လုံး ဘာမှမပြောနိုင်အောင်ဆွံ့အခဲ့ရသည်။ တစ်ဦးမေတ္တာတစ်ဦးစေတနာဆိုသည့်အတိုင်း အပြန်အလှန်ကူညီတတ်သည့် စိတ်များကြောင့်လည်း ပီတိဖြစ်ခဲ့ရသည်။ အောင်ခန့်သူသည်လည်း သူ၏ထင်မှားမိသည့်သံသယအမှားကိုလည်း နားလည်သွားနိုင်ပြီဖြစ်သည်။

(၄)

သရက်သီးရောင်းကုန်သွားသောကြောင့် မောင်နှမနှစ်ယောက်ဟင်းစားအချို့ဝယ်လာပြီး အိမ်ပြန်လာကြသည်။

"အစ်မ အိမ်ကသရက်သီးတွေ ပျောက်တာကို ဘယ်လိုထင်လဲ"

"ဘယ်လိုမှ မထင်ပါဘူး မောင်လေးရယ်"

"မညာပါနဲ့၊သရက်သီးတွေကိုအမေက အိမ်အတွက်အကုန်မထားဘဲ ကျန်တဲ့နှစ်လုံးကို ဘေးအိမ်တွေကို ရောင်းတယ်လို့ ထင်နေတာမလား"

မောင်ဖြစ်သူ၏ ပြောစကားများသည် မှန်နေသောကြောင့် သူဘာမှမပြောနိုင်ခဲ့ပေ။ သို့ပေမဲ့လည်း ထိုကိစ္စသည် အရေးကြီးသော ကိစ္စတစ်ခုမဟုတ်သည်ဟု ခံယူထားပြီး မေ့ထားခဲ့ခြင်းသာ ဖြစ်သည်။

"အဲဒီသရက်သီးနှစ်လုံးရဲ့အဖြေကို မနေ့ကပဲ သိလိုက်ရပြီအစ်မရဲ့"

"ဘယ်..ဘယ်လို ပြောပြပါဦးဟဲ့"

"အမေက သရက်သီးတွေ အကုန်လုံးကို တို့စားရင်လည်းကုန်သွားမယ်၊ နှစ်လုံးလောက်လည်း လောက်တာပဲဆိုပြီး ကျန်တဲ့နှစ်လုံးကို မီးဖိုချောင်မှာ ဆားရည်စိမ်ထားတာအစ်မရေ၊ သရက်သီးကုန်သွားလည်း သရက်သီးဆားရည်စိမ်စားချင်စား မစားရင်လည်းရောင်းလို့ရတာပေါ့"

"ဟင်"

"ဟုတ်တယ် အစ်မရ၊ အမေက သူအလုပ်မလုပ်နိုင်ပေမယ့် သူနိုင်တဲ့ဘက်က နေကူညီပေးနေတာတဲ့၊ အစ်မကိုတော့ ပြန်မပြောနဲ့လို့တောင်မှာလိုက်သေးတယ်"

မောင်လေး၏ စကားကြားရတော့မှ အမေ့၏ စေတနာကိုသိမြင်လာပြီး မထားသင့်သောသံသယကြောင့် အထင်မှားမိခဲ့ခြင်းအတွက်လည်း သူနောင်တရမိတော့သည်။ သံသယ၏ နောက်ကွယ်မှ အမှန်တရားကို သိရှိခဲ့ရသည့်အတွက် အိမ်ရောက်လျှင် မိမိ၏သံသယအမှားကို ဝန်ခံပြီး အမေ့ကိုတောင်းပန်ရန် ဆုံးဖြတ်ချက်ချလိုက်တော့သည်။

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်း မရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

စာတည်းအဖွဲ့

## တို့ပြည်ထောင်စုနေ့

☆ တိုင်းရင်းသားတို့ ပေါင်းစုဆုံ
ထင်ရှား မြို့ပင်လုံ၊
မေတ္တာလွှမ်းခြုံ သစ္စာပြု
အားလုံးညီညွတ်မှု။
☆ တို့ပြည်ထောင်စု ကောင်းဖို့ရည်
ပူးပေါင်းဆောင်ရွက်မည်၊
သွေးစည်းချစ်ကြည် တူမခွဲ
သက်ဆုံးတိုင်အမြဲ။
☆ အေးတူပူမျှ နေကြမည်
စိတ်ဝမ်းမကွဲပြီ၊
ဖေဖော်ဝါရီ ဆယ့်နှစ်ရက်
အုတ်မြစ်ခိုင်ပန္နက်။
☆ ပြည်ထောင်စုတွက် နေ့မြတ်ရည်
တို့များမမေ့ပြီ၊
ညီညွတ်မှုကို ကမ္ပည်းထိုး
သမိုင်းဂုဏ်မညှိုး။
☆ တစ်ထောင့်ကိုးရာ လေးဆယ့်ခွန်
ကောင်းတဲ့ချိန်ခါမွန်၊
နေ့မြတ်တံခွန် ဘယ်မမေ့
တို့ပြည်ထောင်စုနေ့။ ။

ချစ်စု(ပညာရေး)

## စိတ်ထားမြတ်ပါစေ

❖ မေတ္တာကို အစဉ်သုံးလို့
ရှင်ပြုံးတဲ့ စိတ်ကိုဆောင်။
ပရအကျိုးကို ရည်မှန်းလျက်
ထမ်းရွက်ခုနောင်။
အတ္တတို့ ဖယ်ကြဉ်ရှောင်
အမိုက်မှောင် ပယ်ဖျက်ရှင်း။
စာနာကွယ် လူသားတိုင်းကို
ရိုင်းပင်းစေမင်း။
❖ မုန်းစိတ်တွေ ရင်မှာကင်းလို့
ကြင်နာခြင်း ကမ်းလက်ထူ။
အားနည်းသူကို လမ်းညွှန်ပြ
ဖေးမကာကူ။
တစ်ဦးနဲ့တစ်ဦး အပြစ်မယူ
ချစ်ကြည်ဖြူ ဘဝလမ်း။
ညီညွတ်စွာ အတူတွဲလျက်
ရှေ့ဆက်လျှောက်လှမ်း။
❖ စိတ်ဓာတ်တွေ မညှိုးနွမ်းမှ
တန်ခိုးလွှမ်း လူတို့ရွာ။
ကတိသစ္စာကို တန်ဖိုးထား
ရိုးသားစဉ်သာ။
သုံးဆယ့်ရှစ်ပါး မင်္ဂလာ
ရင်တွင်းမှာ ဆောက်တည်မွေး။
သောကအပူ ဘေးမသန်းတယ်
အေးချမ်းမယ်လေး။ ။

ရဲသွေးနီ(တက်ဝန်)

ဆောင်းပါး

# အလုပ်လုပ်ရာ၌ အောင်မြင်လိုသော်

## ■ မောင်စိတ်ကောင်း

လူသည် အလုပ်လုပ်သောသတ္တဝါဖြစ်သည်။ တိရစ္ဆာန်များသည် စားရေးအတွက် တစ်ကောင်နှင့်တစ်ကောင်ကိုက်သတ်စားခြင်းဖြင့် အသက်မွေးနေကြရသော်လည်း အမြဲတမ်းအချိန်တစ်ခုအနေဖြင့် သတ်မှတ်၍ အဆင့်အတန်းမြင့်မြင့် အလုပ်လုပ်ခြင်းသည် လူသားများ၌သာ တွေ့ရမည်ဖြစ်ပါသည်။ လူနှင့်တိရစ္ဆာန်တို့ကို ကွဲပြားသွားအောင်ပုံဖော်ခြင်းများထဲတွင် အလုပ်သည်လည်းတစ်ခုအပါအဝင်ပင် ဖြစ်ပါသည်။ အလုပ်သည် လူ၏တန်ဖိုးပင်ဖြစ်သည်။ ထို့ကြောင့် လူဟူ၍ ပီသဖို့ရန် အလုပ်နှင့်သာသက်သေပြရပေလိမ့်မည်။

အလုပ်လုပ်ရာနှင့်ပတ်သက်၍ (သို့မဟုတ်)စီးပွားရှာရာနှင့်ပတ်သက်၍ မြတ်ဗုဒ္ဓဟောကြားခဲ့သော အချက်လေးချက်မှာ အလွန်မှတ်သားဖွယ်ကောင်းပါသည်။ (၁)တက်တက်ကြွကြွ အလုပ်ကိုလုပ်ဆောင်ခြင်း၊ (၂)မကုန်သင့်တာမကုန်အောင်စောင့်ရှောက်ခြင်း၊ (၃)ဝင်ငွေထွက်ငွေမျှတစွာသုံးစွဲခြင်း၊ (၄)မိတ်ကောင်းဆွေကောင်းရှိခြင်း စသောအချက်များပင်ဖြစ်သည်။ (၁)အချက်တွင်ပါဝင်သော ထကြွလုံ့လရှိခြင်းဆိုသောအချက်မှာပင် လိုက်နာရန်အချက် သုံးချက်ရှိနေသေးသည်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုရှိခြင်းနှင့် နည်းပညာရှိခြင်း စသည့်အချက်များပင်ဖြစ်ပါသည်။ ထိုအချက်များနှင့် မိမိကိုယ်ကို ဆင်ခြင်၍ အလုပ်လုပ်ရာ၌ ဘယ်အချက်တွေမှာ အားနည်းနေသနည်းဟူ၍ စဉ်းစားချင့်ချိန်နိုင်ပါသည်။ လူများသည် အလုပ်ဆိုလျှင် ဖင့်လေးတွဲပြီး အချိန်ဆွဲတတ်ကြသည်။ အပျင်းရောဂါစွဲတတ်ကြပါသည်။ ထိုအပျင်းစိတ်သည် ကြာကြာမထားသင့်သောစိတ်ဖြစ်၍ တိုးတက်မှုကို နှောင့်နှေးကြန့်ကြာအောင်၊ အလုပ်မပြီးမြောက်အောင် အချိန်ဆွဲထားသောကြောင့် ထိုအပျင်း စိတ်ဝင်လာလျှင် လက်မခံဘဲ အလျင်အမြန်တိုက်ထုတ်ပစ်ရမည်ဖြစ်ပါသည်။ အလုပ်အောင်မြင်ဖို့ရန် လူတိုင်းသိသောလမ်းရိုးကြီးများရှိသည်။ ဖွဲ့၊ လုံ့လ၊ ဝီရိယပင်ဖြစ်သည်။ သို့သော်လည်း ထိုလမ်းရိုးကြီးများကို လူတို့သိလျက်နှင့်ပင် လူတိုင်းလိုက်မလုပ်နိုင်ကြသောကြောင့်အောင်မြင်မှုကို လွယ်လွယ်ရလေ့မရှိဘဲ ကျဆုံးမှုနှင့်သာ ကြုံတွေ့ကြရပြီး ဖွဲ့၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားသူများကသာ သွားကြရလေ့ရှိသည်။

အောင်မြင်သောဘဝကို ပိုင်ဆိုင်လိုသူတိုင်း (သို့မဟုတ်) ကြီးမြတ်သောဘဝကိုရချင်သူ၊ ချမ်းသာချင်သူတိုင်းသည် အလုပ်ဟူသောကိစ္စကို မဖြစ်မနေလုပ်ဆောင်နေကြရမည်ဖြစ်သည်။ အလုပ်လုပ်ရပြီဆိုလျှင် အောင်မြင်ခြင်း၊ ရှုံးနိမ့်ခြင်းဆိုသော ကိစ္စနှစ်ရပ်ကို ကြုံကိုကြုံတွေ့ရမည်ဖြစ်သည်။ မည်သည့်အလုပ်မဆို အခက်အခဲများကို အနည်းနှင့်အများဆိုသလိုရင်ဆိုင်ကျော်လွှားရမည်ပင်ဖြစ်ပါသည်။ အခက်အခဲများ ရင်ဆိုင်ကျော်လွှားရာတွင် အောင်မြင်သူနှင့်ကျရှုံးသူဟူ၍ ကွဲပြားသွားရခြင်းမှာ ထိုသူနှစ်ဦး၏ စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် စိတ်ဓာတ်ပျော့ညံ့မှုတို့အပေါ်တွင်အများကြီးမူတည်ပါသည်။ အဘယ်မျှပင်ခက်ခဲပါစေ၊ မအောင်မြင်မချင်းကြိုးစားမည်။ ဒီအလုပ်ကို မဖြစ်ဖြစ်အောင်ဆောင်ရွက်မည်။ ရကိုရရမည်ဆိုသော အောင်စိတ်ကို ရေရှည်မွေးမြူထားပါက ထိုသူသည် တစ်ချိန်ချိန်တွင် အောင်မြင်မှုပန်းတိုင်ကို တက်လှမ်းနိုင်မည်ပင်ဖြစ်ပါသည်။

မှတ်သားဖူးသော ကြီးပွားအောင်မြင်ရေးနှင့်ပတ်သက်၍ လူနှစ်မျိုးဥပမာအကြောင်းကိုဖောက်သည်ချချင်သည်။ ထိုလူနှစ်မျိုးမှာ နွားနို့နှင့်တူသောလူနှင့် သစ်သီးနှင့်တူသောလူဟူ၍ဖြစ်ပါသည်။ နွားနို့နှင့်တူသောလူဆိုသည်မှာ နွားနို့သည် ပူပြင်းသော နေအပူရှိန်ဒဏ်ကိုခံရလျှင် ခဏချင်း သိုးပုပ်သွားသကဲ့သို့ စိတ်ဓာတ်ပျော့ညံ့သောပုဂ္ဂိုလ်သည် ပျက်စီးဆုံးရှုံးမှု၊ မအောင်မြင်မှုတို့နှင့်တစ်ကြိမ်တစ်ခါ ကြုံတွေ့လိုက်ရလျှင် တစ်ခါတည်းစိတ်ဓာတ်ကျသွားပြီး တစ်သက်လုံး လူညွှန့်တုံးခံလိုက်လေတော့သည်။ ပြန်လည်တိုးတက်အောင်မြင်ရန် လုံးဝမကြိုးစားတော့ပေ။ တိုးတက်ကြီးပွားလိုသူမှန်က ဤပျော့ညံ့သောစိတ်ကို မိမိစိတ်၌ လက်မခံသင့်ပေ။ သစ်သီးနှင့်တူသောသူဆိုသည်မှာ သစ်သီးသည် နေ၏အပူရှိန်ကို ခံရလေ ပိုမို၍မှည့်ဝင်းလာလေဖြစ်သကဲ့သို့ စိတ်ဓာတ်ခိုင်မာသောပုဂ္ဂိုလ်သည် ပျက်စီးဆုံးရှုံးမှု၊ မအောင်မြင်မှုတို့နှင့်ကြုံရလေ၊ ပိုမို၍ကြိုးစားလေဖြင့် နောက်ဆုံးတွင် အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်ရတော့သည်။ ထို့ကြောင့် အောင်မြင်သောပုဂ္ဂိုလ်ဖြစ်ချင်သောသူတိုင်း သစ်သီးနှင့်တူသောလူ၏ စိတ်ထားမျိုးကဲ့သို့ အခက်ခဲတွေ့လျှင်နောက်မတွန့်ဘဲ ကိုယ့်အလုပ်မှာ အောင်စိတ်ကိုမွေး၍ကြိုးစားလျှင် မုချအောင်မြင်ရမည်ပင်ဖြစ်ပါသည်။

အလုပ်အောင်မြင်ရန် နောက်ထပ်မှတ်သားသင့်သောအချက်များအနက် လူတိုင်းသိနေကြသော အချက်သုံးချက်ရှိနေပြန်သေးသည်။ ကံ၊ ဉာဏ်၊ ဝီရိယပင်ဖြစ်ပါသည်။ ထိုအချက်သုံးချက်အနက် လူပျော့၊ လူညံ့တို့သည် ဆုံးရှုံးမှုများ၊ မအောင်မြင်မှုများနှင့် ကြုံတွေ့ရလျှင် ကံဆိုသော(အတိတ်ကံ)ကို ရည်ညွှန်း၍ "ငါကြိုးစားရဲ့သားနဲ့ ကံကိုကမကောင်းတာ၊ ကံဆိုးလို့ဖြစ်တာ"စသည်ဖြင့် စိတ်ပျော့လျက်ပြောဆိုမိတတ်ကြသည်။ ဒီတစ်ကြိမ်မရလျှင် နောက်တစ်ကြိမ် ကြိုးစားမည်ဟူသောစိတ်မျိုးကို မထားတတ်ကြ။ ဤနေရာ၌ ဆွေးနွေးလိုသည်မှာ ကံဆိုသောသဘောကိုလည်း နားလည်မှုလွဲနေတတ်ကြသည်။ ကံဆိုသည်မှာ အတိတ်ကံနှင့် ပစ္စုပ္ပန်ကံဟူ၍ရှိသည်။ မိမိပြုလုပ်ခဲ့ဖူးသော အတိတ်မှ ကောင်းကံ၊ ဆိုးကံများကို ပြန်လည်ပြုပြင်၍ မရတော့ပေ။ ထို့ကြောင့် အလုပ်တစ်ခုအောင်မြင်လိုသော် "ငါကိုက ကံမကောင်းလို့"ဆိုသောအတွေးမှာ အလုပ်တစ်ခုဖြစ်မြောက်ရန် တားဆီးထားသော အယူအဆဖြစ်၍ ထိုအတွေးမျိုးမထားသင့်ပါ။ ယခုတတ်နိုင်သည်မှာ ပစ္စုပ္ပန်ကံဖြစ်သော၊ လက်ရှိလုပ်နေသော၊ ဒီနေ့လုပ်နေသောအလုပ်ကိုသာလျှင် ကောင်းသောလုပ်ရပ်များဖြစ်အောင် ကြိုးစားရမည်ပင် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကံ၊ ဉာဏ်၊ ဝီရိယဆိုသော အနက်အဓိပ္ပာယ်မှာ မိမိလုပ်ငန်းကိုအကောင်းဆုံးဖြစ်အောင်လုပ်နေသော(ကံ)၊ မိမိလုပ်ငန်းကို ဘယ်ပုံဘယ်နည်းဖြင့်လုပ်လျှင် အောင်မြင်မလဲဟု စဉ်းစားတွေးခေါ်တတ်၊ ကြံတတ်ဖန်တတ်သော(ဉာဏ်)နှင့် မိမိအလုပ်ကိုတစ်စိုက်မတ်မတ် ဖွဲ့ နဘဲနှင့် မအောင်မြင်မခြင်းကြိုးစားရန်းကန်တတ်သော (ဝီရိယ)ကို ဆိုလိုခြင်းပင်ဖြစ်ပါသည်။ ဒီသုံးချက်နှင့်သာအညီ ကြိုးစားနိုင်မည်ဆိုပါက အလုပ်မအောင်မြင်ရန် စိတ်ပူစရာပင်မရှိပေ။ အောင်ကိုအောင်မြင်ရမည်ပင်ဖြစ်ပါသည်။

အချုပ်အားဖြင့် အရွယ်ရောက်ပြီးသူများသည် စား၊ ဝတ်၊ နေ၊ ရေးအတွက်သော်လည်းကောင်း၊ ရည်မှန်းချက်၊ ဝါသနာအရသော်လည်းကောင်း အကြောင်းအမျိုးမျိုးတို့ဖြင့် အလုပ်လုပ်ကိုင်၍ ရပ်တည်နေရသူချည်းသာဖြစ်ပါသည်။ ထိုသို့ အလုပ်ရှိသူတိုင်းသည် မိမိအလုပ်မှာ အောင်မြင်မှု၊ ကျဆုံးမှုဆိုသောအရာများနှင့် ကြုံတွေ့ကြရမည်ဖြစ်သည်။ ထို့ကြောင့် မိမိအလုပ်မှာ အမြဲတမ်းပျော်ရွှင်ပြီး အောင်မြင်ချင်သူတို့သည် မြတ်ဗုဒ္ဓဟောကြားခဲ့သော အချက်လေးချက်ကို မိမိမှာရှိ၊ မရှိ ဆင်ခြင်ပါ။ စိတ်ဓာတ်ခိုင်မာသော သစ်သီးနှင့်တူသောလူမျိုးဖြစ်အောင်အားထုတ်ပါ။ (ကံ) ကိုချည်းအပြစ်ပုံချသောသူမဖြစ်ဘဲ အောင်စိတ်ကိုမွေး၍ ဖွဲ့၊ နဘဲကြီးစွာဖြင့် အလုပ်အောင်မြင်မှုကို အမိအရဆုပ်ကိုင်နိုင်သောသူများ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

## နွေရာသီ

❒ ဆောင်းအကုန် နွေအကူး
လေမြူးတို့ တိုက်ခတ်လာ။
သစ်ရွက်တွေ မြေပြင်အထက်
လွင့်လျက်ရွှေ့ကာ။
❒ နွေသရုပ် ဝန်းကျင်မှာ
ပြောင်းလျက်သာ ပုရစ်ဖူး။
ရွက်ဟောင်းကုန်
ရွက်သစ်ပြောင်း
နွေကြောင်းဂုဏ်ထူး။
❒ ရှစ်ခွင်နယ် နွေသရုပ်
အဖြေထုတ် ရေးစာစီ။
မြူခိုးတွေ ကောင်းကင်အထက်
ပျံ့ထွက်နေသည်။
❒ နွေဦးရဲ့ တေးပန်းချီ
ဘယ်မမီ အလွမ်းပေါင်း။
ဥသြသံ ချိုသာထူးတယ်
ကြည်နူးနွေပြောင်း။
❒ နွေမျက်နှာ စာရွက်အဖွင့်
ဖူးပွင့်တဲ့ ပိတောက်တွေ။
ပင်မြင့်ယံ ရွှေဝါလူးပါလို့
ကြည်နူးမှုဝေ။
❒ နွေလ၏ တိုက်သည့်နွေ
ရင်သို့မွှေ အစဉ်နွေး။
နွေဆိုတာ အလှတရားဖြင့်
ထင်ရှားရဲ့လေး။ ။

ရွှေမြိုင်သူ( မြန်မာစာ)

## မြန်မာ့ရိုးရာ ထမနဲဆွမ်း

❍ တပို့တွဲလ မြန်မာ့ရိုးရာ
နှစ်တိုင်းအစဉ်လာ။
မပျက်ချိန်ခါ ဆင်ယင်နွှဲ
ထိုးကြထမနဲ။
❍ ခြိမ့်ခြိမ့်သဲသဲ ဂုဏ်ဝင့်ဖော်
တိုင်းမြို့ပြည်ရွာကျော်။
ပြောစည်သံနော် အလှူပေး
လာတဲ့လူတိုင်းကျွေး။
❍ ကုသိုလ်အရေး ကောင်းဂုဏ်ရည်
မွန်မြတ်လှပေသည်။
တို့မြန်မာပြည် အလှဖုံး
ကျင်းပမွေးပြည်လုံး။
❍ စိတ်ပျော်ရွှင်ပြုံး သဒ္ဓါဖြူ
ထူးမြတ်ကြအလှူ။
ကောင်းမှုဂုဏ်ထူ တစ်မူထူး
ပီတိရင်မှာကူး။
❍ ရွာဦးကျောင်းသို့ သွားလို့ရယ်
သီလဆောက်တည်မယ်။
ကြည်ညိုဖွယ်ကွယ် ထမနဲဆွမ်း
ဗုဒ္ဓကပ်လှူဒါန်း။ ။

ရင်ခတ်ပန်း (စွယ်တော်)

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူးကျင်းပသည့် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာထမနဲထိုး ပြိုင်ပွဲကို ယမန်နေ့ညနေပိုင်းက ပုသိမ်မြို့ ကျောက်တိုင် အားကစားကွင်း၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း သည် တိုင်းဒေသကြီးတရားသူကြီးချုပ်၊ သယံဇာတ ရေးရာဝန်ကြီးတို့နှင့်အတူ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မင်္ဂလာရွှေမောင်းအား တီးခတ်၍ ပြိုင်ပွဲအား စတင် ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်များ၏ ထမနဲထိုးယှဉ်ပြိုင်နေ မှုများနှင့် အိုးစည်၊ ဗုံမောင်းများဖြင့် တီးမှုတ်ကခုန် အားပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ သည်။

ဆက်လက်၍ ပြိုင်ပွဲတွင်နှစ်သိမ့်ဆုရရှိသည့် အသင်းများကို တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းရင်း သားရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ လူမှုရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီးတရားသူကြီးချုပ်တို့က ဂုဏ်ပြုချီးမြှင့် ငွေများကိုလည်းကောင်း၊ တတိယဆုရရှိသည့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့အသင်း၊ ဒုတိယဆုရရှိသည့် တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး အသင်းနှင့် ပထမဆုရရှိသည့် တိုင်းဒေသကြီးအကျဉ်း ဦးစီးဌာနအသင်းတို့အား ဆုဖလားများနှင့် ဂုဏ်ပြု ချီးမြှင့်ငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်က လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရ သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# ကျွန်းစုမြို့၌ ထမနဲထိုးပြိုင်ပွဲ ကျင်းပ

**ကျွန်းစု ဖေဖော်ဝါရီ ၈**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့၌ တည်ထားပူဇော်သော ငြိမ်းအေးချမ်းသာရန်ပြေမာန်အောင်စေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲ အကြို ထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်းက မြို့ပေါ်အမှတ်(၃) ရပ်ကွက်ရှိ အေးငြိမ်းသုခဓမ္မရိပ်သာကျောင်းတိုက်၌ ကျင်းပသည်။

ထမနဲထိုးပြိုင်ပွဲတွင် အမှတ် (၁) ရပ်ကွက်၊ အမှတ် (၂) ရပ်ကွက်၊ အမှတ် (၄) ရပ်ကွက်၊ ရတနာတက္ကစီ၊ မရမ်းချောင်းနှင့် တီးပူအဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ထိုးခဲ့ကြရာ ဧည့်ပရိသတ်များက အိုးစည်ဒိုးပတ်များ တီး၍ ကခုန်အားပေးကြည့်ရှုခဲ့ကြသည်။

ထို့နောက် ပြိုင်ပွဲတွင်ဆုရရှိသူများအား အေးငြိမ်းသုခဓမ္မရိပ်သာ ကျောင်းတိုက် ဆရာတော် ဦးဉာဏိန္ဒက ဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# မိုးညိုမြို့နယ်ရှိ ထိန်တောမြို့မဈေးမီးဘေးကြိုတင် ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**မိုးညို ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ထိန်တောကျေးရွာရှိ ထိန်တော မြို့မဈေး မီးဘေးကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ ခြင်းကို ယမန်နေ့နံနက် ၉ နာရီက ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုးညိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်သက်သက်မာနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ် ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်ရဲအောင်နှင့် ထိန်တောနယ်မြေ မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ထိန်တောမြို့မဈေးအကျိုးတော် ဆောင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များပူးပေါင်းကာ ထိန်တောမြို့မဈေးမီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ယာဉ်များဖြင့် သရုပ်ပြရေဖျန်း မီးငြိမ်းသတ်ခြင်း၊ ရေစိုအဝတ်ဖြင့်မီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူး အသုံးပြုပုံနှင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**




# ဟင်္သာတမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်ပေါင်းချောင်းကျောက်လမ်းဖွင့်

**ဟင်္သာတ ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အင်းဇရပ်ကျေးရွာတွင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့ နံနက် ၈နာရီခွဲက ကွန်ကရစ်ပေါင်းချောင်းကျောက်လမ်းဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ဟင်္သာတခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်စိုး၊ အဖွဲ့ဝင်(၃) ဒေါ်သီတာအောင်၊ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ မြို့နယ် ဥက္ကဋ္ဌ ဦးညွန့်ဆန်းထွန်းတို့က အဆိုပါလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ခဲ့ကြသည်။



အဆိုပါလမ်းအား ဟင်္သာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည်ပေ ၁၄၂၀၊ အကျယ် ၁၁ ပေ၊ ဒု ခြောက်လက်မဖြစ်ကြောင်းနှင့် နိုင်ငံတော်မှထောက်ပံ့ငွေ ကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်းကုန်ကျငွေ ကျပ်သိန်း ၁၈၀ ဖြစ်ကြောင်းနှင့် အိမ်ထောင်စု ၉၀၊ လူဦးရေ ၃၂၁ ဦးတို့အား အကျိုးပြုသောလမ်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကလိန်အောင်မြို့၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ကလိန်အောင် ဖေဖော်ဝါရီ ၈**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ အမှတ်(၃)ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီတွင် ကလိန်အောင်မြို့ သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့



လျှော့ချရေးဆိုင်ရာအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ကလိန်အောင်မြို့ သစ်တောဦးစီးဌာနမှ တာဝန်ခံ တောအုပ် ဦးထက်လင်းဦးက မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့် အကြောင်း ရင်းများ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ဆိုးကျိုးများ၊ ကာကွယ်နိုင်သည့်နည်းလမ်းများ၊ တောမီးအန္တရာယ်နှင့် ကြိုတင် ကာကွယ်နိုင်ရေးနည်းလမ်းများ၊ Fire Hotspot များနှင့် ရေသယံဇာတ များထိန်းသိမ်းရေး၊ ရေဝေရေလဲဒေသများမှရေချိုများရရှိနေမှု၊ ရေဝေ ရေလဲဒေသများ၏အရေးပါမှု၊ ရေချိုများချွေတာသုံးစွဲရေး၊ ရေအရင်း အမြစ်များဝိုင်းဝန်းထိန်းသိမ်းခြင်းဆိုင်ရာများ၊ သစ်တောများမှပေးသော အကျိုးကျေးဇူးများ၊ သစ်တောများ ထိန်းသိမ်းခြင်းဖြင့် သဘာဝ ဘေးအန္တရာယ်များ လျှော့ချနိုင်မှုနှင့် ကြိုတင်ကာကွယ်ခြင်း၊ ရာသီဥတု ပြောင်းလဲခြင်းနှင့် သစ်ပင်စိုက်ပျိုး၊ ပြုစုခြင်းနည်းစနစ်များအား ဟောပြောခဲ့သည်။ ထို့နောက် ကျောင်းသား ကျောင်းသူများက သိရှိလို သည်များကို မေးမြန်းရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ခင်ခင်လွဲ့(ကလိန်အောင်)**

# သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာအသိပညာပေးဟောပြော

**ပဲခူး ဖေဖော်ဝါရီ ၈**

ပဲခူးမြို့နယ်သစ်တောဦးစီးဌာနကကြီးမှူး၍ ဘောနတ်ကြီးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက သစ်တော ထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး ဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

**အသိပညာပေးဟောပြော**

ပဲခူးမြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးမြင့်ထွန်းက သစ်တောထိန်းသိမ်းရေး၊ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တောအုပ်ကြီး ဦးပြည့်ဖြိုးပိုင်က ရေသယံဇာတထိန်းသိမ်း ရေးဆိုင်ရာခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြော ခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



## ဟားမတ်စ်အဖွဲ့က အစ္စရေးဓားစာခံ သုံးဦးကို ယနေ့ ပြန်လည်လွှတ်ပေး

**ဂါဇာစီးတီး ဖေဖော်ဝါရီ ၈**

ဟားမတ်စ်အဖွဲ့က ဖမ်းဆီးထားသည့် အစ္စရေးဓားစာခံ သုံးဦးကို ယနေ့ ပြန်လည်လွှတ်ပေးခဲ့ပြီး ဂါဇာအလယ်ပိုင်းမှ အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (IDF) နှင့် အစ္စရေးလုံခြုံရေးအေဂျင်စီထံ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။ ၎င်းတို့သည် နယ်စပ်ဖြတ်ကျော်ကာ အစ္စရေးနိုင်ငံအတွင်းသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။

အဆိုပါ ဓားစာခံသုံးဦးမှာ အိုဟာဒ်ဘင်အာမီ (၅၆ နှစ်)၊ အာလီရှာရာဘီ (၅၂ နှစ်) နှင့် အော်လီဗီ (၃၄ နှစ်) တို့ ဖြစ်ပြီး ၎င်းတို့သည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် အစ္စရေးနိုင်ငံတောင်ပိုင်း၌ ဟားမတ်စ် ဦးဆောင်သော တိုက်ခိုက်မှုတွင် ပြန်ပေးဆွဲခံခဲ့ရကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) ၏ မော်တော်ယာဉ်သုံးစီးသည် ဒါအယ်လ်ဘာလာမြို့ရှိ သတ်မှတ်ထားသော လွှဲပြောင်းပေးသည့်နေရာသို့ ရောက်ရှိခဲ့သည်ကို တွေ့မြင်ခဲ့ရကြောင်း ဖေဖော်ဝါရီ ၈ ရက် အစောပိုင်းတွင် ဆင်ဟွာသတင်းထောက်တစ်ဦးက ပြောကြားသည်။ ဓားစာခံ သုံးဦးသည် မောပန်းနွမ်းနယ်နေပုံရပြီး ၎င်းတို့အား ဟားမတ်စ်၏ စစ်ဘက်ဆိုင်ရာ အယ်လ်ကဆမ် တပ်မဟာမှ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီသို့ လွှဲပြောင်းပေးခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အီဂျစ်နှင့် ကာတာတို့၏ ထောက်ခံမှုဖြင့် ဟားမတ်စ်နှင့် အစ္စရေးတို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ပထမအဆင့်အောက်တွင် ငါးကြိမ်မြောက် ဓားစာခံနှင့် အကျဉ်းသား လဲလှယ်မှုဖြစ်သည်။

အပြန်အလှန်အားဖြင့် အစ္စရေးသည် ပါလက်စတိုင်းအကျဉ်းသား ၁၈၃ ဦးကို အစ္စရေးအကျဉ်းထောင်များမှ ပြန်လည်လွှတ်ပေးခဲ့သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

## အမေရိကန်နှင့် ဂျပန် နှစ်နိုင်ငံထိပ်သီးအစည်းအဝေး ကျင်းပ ဒေသတွင်းလုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး



**တိုကျို ဖေဖော်ဝါရီ ၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် အီရှီဘာတို့သည် ဒေသတွင်းလုံခြုံရေးနှင့် စီးပွားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးကို ဖေဖော်ဝါရီ ၇ ရက်တွင် ဝါရှင်တန်မြို့ရှိ အိမ်ဖြူတော်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ် အီရှီဘာသည် အမေရိကန်တွင် ဂျပန်၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်ပြီး အလေးပေးပြောကြားခဲ့သည်။

သမ္မတထရမ့်က ၎င်း၏ အခွန်မူဝါဒများသည် အမေရိကန်နိုင်ငံရှိ ကားထုတ်လုပ်သူများအတွက် ဆွဲဆောင်မှုရှိသော နေရာတစ်ခု ဖြစ်စေသည်ဟု ပြန်လည်ပြောကြားခဲ့သည်။

သို့သော် ဂျပန်နိုင်ငံနှင့် ကုန်သွယ်မှုဆောင်ရွက်ရာတွင် အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံခန့် လိုငွေပြနေကြောင်းနှင့် နှစ်နိုင်ငံ ကုန်သွယ်မှုဆိုင်ရာ မညီမျှမှုများကို ဖြေရှင်းရန် လိုအပ်ကြောင်း ထရမ့်က ပြောကြားသည်။

ထို့ပြင် ဉာဏ်ရည်တုနည်းပညာ စီမံကိန်းနှင့် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ခေါင်းဆောင်နှစ်ဦးက ထပ်လောင်း အတည်ပြုခဲ့သည်။

အမေရိကန်မှသဘာဝဓာတ်ငွေ့ရည်များ ဂျပန်နိုင်ငံသို့ တင်ပို့မှုတိုးမြှင့်ခြင်းဖြင့် စွမ်းအင်လုံလောက်မှုရှိစေရန် သဘောတူခဲ့သည်။

လွတ်လပ်၍ ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသ ထွက်ပေါ်လာရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ခေါင်းဆောင်နှစ်ဦးက ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့ပြင် အမေရိကန်၏ ကာကွယ်ရေးတာဝန်များ ပြဋ္ဌာန်းထားသည့် ဂျပန်-အမေရိကန် လုံခြုံရေးစာချုပ် အပိုဒ် ၅ ကို အိုကီနာဝါ စီရင်စုရှိ စင်ကာကူကျွန်းစုများတွင် ကျင့်သုံးမည်ဖြစ်ကြောင်း ခေါင်းဆောင်များက အတည်ပြုခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံ၏ နျူကလီးယား ကင်းစင်ရေးအတွက် လက်တွဲလုပ်ဆောင်ရန် သဘောတူညီခဲ့ကြသည်။

ထို့ပြင် မြောက်ကိုရီးယား အေးဂျင့်များ ဖမ်းဆီးခေါ်ဆောင်ခဲ့သည့် ဂျပန်နိုင်ငံသားများကို ပြန်လည်ခေါ်ဆောင်ရန်အတွက် သမ္မတ ထရမ့်၏ ထောက်ခံမှုကို အခိုင်အမာရရှိခဲ့ကြောင်း ဝန်ကြီးချုပ် အီရှီဘာက ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

## အမေရိကန်အစိုးရက အိတ်ချ်အိုင်ဗွီဆေးဝါးများပေးအပ်မှုကို ရပ်တန့်ခဲ့သော်လည်း နိုင်ငံအတွင်း၌ ဆေးဝါးအလုံအလောက်ရှိကြောင်း ဇမ်ဘီယာအစိုးရက ပြည်သူများအား အာမခံချက်ပေး

**လူဆာကာ ဖေဖော်ဝါရီ ၈**

အမေရိကန်အစိုးရက အိတ်ချ်အိုင်ဗွီဆေးဝါးများ ထောက်ပံ့မှု ရပ်တန့်ရန် ဆုံးဖြတ်ခဲ့သော်လည်း နိုင်ငံအတွင်း၌ ဆေးဝါးလုံလောက်စွာ ရှိကြောင်း ဇမ်ဘီယာအစိုးရက ပြည်သူများအား အာမခံချက်ပေးခဲ့သည်။

ဆေးဝါးများနှင့် ဆေးဘက်ဆိုင်ရာအထောက်အပံ့များ ဝယ်ယူခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးခြင်းကို ဆောင်ရွက်ရသည့် ဇမ်ဘီယာ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးအေဂျင်စီက နိုင်ငံတစ်ဝန်းရှိ လူနာအားလုံး၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်အတွက် Antiretroviral therapy (ART) ဆေးဝါးများ လုံလောက်စွာ ရှိကြောင်း ပြောကြားခဲ့သည်။

ရောဂါကုသရန်လိုအပ်သည့် လူနာများအတွက် ဗဟိုဂိုဒေါင်နှင့် ဒေသဆိုင်ရာသိုလှောင်ရုံခုနစ်ခု၌ ဆေးဝါးများကို ကောင်းစွာ သိုလှောင်ထားပြီး ၂၀၂၅ ခုနှစ် ဇွန်လအထိ လုံလောက်မှုရှိကြောင်း ဇမ်ဘီယာ ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ထောက်ပံ့ရေးအေဂျင်စီ တာဝန်ရှိသူ ဘရတ်လေချင်ဂိုဘီက ပြောကြားသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ ကျန်းမာရေးစောင့်ရှောက်မှုစင်တာ ၃၅၀၀ တွင် အဆိုပါဆေးဝါးများကို ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဇမ်ဘီယာနိုင်ငံအပါအဝင် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များအတွက် ရန်ပုံငွေထောက်ပံ့မှုကို ရက် ၉၀ ကြာ ဆိုင်းငံ့ကြောင်း အမေရိကန်အစိုးရက ဇန်နဝါရီ ၂၀ ရက်တွင် ကြေညာခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ အဆိုအရ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ဇမ်ဘီယာနိုင်ငံ၌ ခုခံအားကျဆင်းသည့်ရောဂါကူးစက်ခံရသူ ၁ ဒသမ ၅ သန်းရှိပြီး ၎င်းတို့အနက် ၁ ဒသမ ၃ သန်းနီးပါးသည် ART ကုထုံးဖြင့် ကုသလျက်ရှိသည်။

ART ကုထုံးသည် လူ၏ကိုယ်ခံအားစနစ်ကို မြှင့်တင်ပေးပြီး ခန္ဓာကိုယ်အတွင်း ဗိုင်းရပ်စ်ပိုးမပွားစေရန် တားဆီးပေးသည့် ဆေးဝါးတစ်မျိုးဖြစ်သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

## သမ္မတဒေါ်နယ်ထရမ့်ကို ရွေးကောက်တင်မြှောက်ခြင်းမှာ အမေရိကန်ပြည်ထောင်စုကိုသာ အုပ်ချုပ်စေရန်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးကို အုပ်စိုးရန်မဟုတ်ဟု ဘရာဇီးသမ္မတ လူလာဒါဆေးဗား ပြောကြား

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၈**

အမေရိကန် ပြည်သူများသည် သမ္မတ ဒေါ်နယ်ထရမ့်ကို ရွေးကောက်တင်မြှောက်ခြင်းမှာ အမေရိကန်ပြည်ထောင်စုကိုသာ အုပ်ချုပ်စေရန်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းလုံးကို အုပ်စိုးရန်မဟုတ်ကြောင်း ဘရာဇီးသမ္မတ လူလာဒါဆေးဗားက ယမန်နေ့တွင် ပြောကြားသည်။

နိုင်ငံ၏ အရှေ့မြောက်ပိုင်းရှိ ဘာဟီးရာပြည်နယ် အခြေစိုက် ရေဒီယို အသံလွှင့်ဌာနနှစ်ခုနှင့် အင်တာဗျူးတစ်ခုတွင် ဘရာဇီးသမ္မတ လူလာဒါဆေးဗားက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။



ထို့ပြင် ဒေါ်နယ်ထရမ့်သည် ကမ္ဘာ့နိုင်ငံများနှင့်ဆက်ဆံရာတွင် ဒီမိုကရေစီ စံနှုန်းများနှင့် ယဉ်ကျေးမှု သိက္ခာရှိခြင်းတို့ကို လေးစားလိုက်နာသင့်ကြောင်း ဂါဇာကမ်းမြောင်ဒေသမှ ပါလက်စတိုင်းများကို ရွှေ့ပြောင်းနေရာချထားရန် ဒေါ်နယ်ထရမ့်၏ ရည်ရွယ်ချက်အပေါ် ကိုးကားပြီး ဘရာဇီးသမ္မတ လူလာဒါဆေးဗားက ပြောကြားသည်။

ပါလက်စတိုင်းသားများကို တခြားနေရာသို့ ပြောင်းရွှေ့ပြီးနောက် အမေရိကန်အနေဖြင့် ဂါဇာကမ်းမြောင်ကို ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

အချို့သောနိုင်ငံများနှင့် ဒေသများကို သိမ်းပိုက်ရန်ရည်ရွယ်သည့် ဒေါ်နယ်ထရမ့်၏ ထုတ်ပြန်ချက်များသည် ရန်စမှုတစ်ခုသာဖြစ်ကြောင်းသမ္မတလူလာဒါဆေးဗားက ပြောကြားခဲ့ကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

## ဗီယက်နမ်နိုင်ငံက ကော်ဖီတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၇၉၉ ဒသမ ၅ သန်း ဝင်ငွေရရှိ

**ဟနွိုင်း ဖေဖော်ဝါရီ ၈**

ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအတွင်း ကော်ဖီတင်ပို့မှုပမာဏ ၁၅၄၆၃၅ တန်ခန့်ရှိပြီး အမေရိကန်ဒေါ်လာ ၇၉၉ ဒသမ ၅ သန်း ဝင်ငွေရရှိခဲ့ကြောင်း ဗီယက်နမ်ကော်ဖီ-ကိုကိုးအသင်းက ယနေ့ ပြောကြားသည်။

ကော်ဖီစိမ်း တင်ပို့မှုမှာ ၁၃၇၅၆၈ တန်ရှိပြီး အမေရိကန်ဒေါ်လာ ၆၉၄ ဒသမ ၉ သန်းရရှိကာ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဝင်ငွေရရှိမှုပမာဏ ၈ ဒသမ ၈ ရာခိုင်နှုန်းတိုးလာကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖေဖော်ဝါရီ ၆ ရက်တွင် သတင်းဖော်ပြသည်။

သောက်သုံးရန် အသင့်ဖြစ်သော ကော်ဖီတင်ပို့မှုပမာဏမှာ ၁၇၀၆၇ တန်ရှိပြီး အမေရိကန်ဒေါ်လာ ၁၀၄ ဒသမ ၆ သန်းရရှိကာ စုစုပေါင်းတင်ပို့မှုပမာဏ၏ ၁၁ ရာခိုင်နှုန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုး၏ ၁၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် ကော်ဖီတန်ချိန် ၁ ဒသမ ၉၈ သန်း ထုတ်လုပ်ရန် ရည်မှန်းထားပြီး ယခင်နှစ်ထက် ပိုမိုများပြားကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးလျက်ရှိသည်။

**စုပေါင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အပါအဝင် မြို့နယ် ၁၅ မြို့နယ်တို့မှ စာသင်ကျောင်းများ၊ တက္ကသိုလ်များ၌ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များကို အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။



အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့ရှိ ပြည်သူ့ဆေးရုံ၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ကန်ကြီးထောင့်မြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ကန်ကြီးထောင့် ဖေဖော်ဝါရီ ၈**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ယမန်နေ့ညနေပိုင်းတွင် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ဖြန့်ဝေပေးခဲ့ကြသည်။

အလားတူ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင်လည်း ကန်ကြီးထောင့်မြို့မဈေးသစ်ကြီး၌ ဈေးရောင်းချကြသူများ၊ ဈေးဝယ်ကြသူများနှင့် လမ်းသွားလမ်းလာပြည်သူများအား လက်ဝယ်အရောက်ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**ကျော်ဇင်စိုး (ပြန်/ဆက်)**

## ပေါင်မြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ် ကြည့်ရှုစစ်ဆေး

**ပေါင် ဖေဖော်ဝါရီ ၈**

မွန်ပြည်နယ် ပေါင်မြို့နယ် ကော့ထော်ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စာကြည့်တိုက်အဆောက်အအုံကို မွန်ပြည်နယ်အစိုးရအဖွဲ့၏ လှူဒါန်းရရှိငွေကျပ်သိန်း ၁၅၀ နှင့် ဒေသခံပြည်သူများ၏ စုပေါင်းလှူဒါန်းငွေတို့ဖြင့် အလျားပေ ၂၀၊ အနံ ပေ ၂၀၊ အမြင့် ၁၁ ပေရှိ RC တစ်ထပ်အဆောက်အအုံနှင့် စာကြည့်တိုက်သုံးပရိဘောဂနှင့် စာအုပ်စာစောင်များ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**




## မူကြိုကလေးများ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ မူကြိုကလေးများ ကာယ၊



ဉာဏစွမ်းရည်ပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ်၌ ကျင်းပသည်။

ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေနှင့်အဖွဲ့ဝင်များ၊ သဃ်န်းကျွန်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တာမွေမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကင်းမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်တို့မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တာမွေမြို့နယ်နှင့် တောင်ဥက္ကလာပမြို့နယ် မူကြိုကျောင်းများမှ ကလေးငယ်များ၏ကာယ၊ ဉာဏယှဉ်ပြိုင်မှုများဖြစ်သော အာလူးကောက်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဆေးရောင်ခြယ်ကစားနည်းပြိုင်ပွဲ၊ ဘောလုံးနောက်ပစ်ကစားနည်းပြိုင်ပွဲ၊ ပင်ပေါင်ဘောလုံးကစားနည်းပြိုင်ပွဲ၊ ဘောလုံးဖောက်ကစားနည်းပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ကပြဖျော်ဖြေခဲ့ကြသည့်ကလေးငယ်များနှင့် ယှဉ်ပြိုင်ခဲ့ကြသည့်ကလေးငယ်များအား အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ခင်ဆွေနှင်း (ပြန်/ဆက်)**

## MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပထမအကျော့ပြီးဆုံး

**ရန်ကုန် ဖေဖော်ဝါရီ ၈**

၂၀၂၄-၂၀၂၅ ရာသီ MFF ဖူဆယ်လိဂ်-၂ ပြိုင်ပွဲ ပထမအကျော့ နောက်ဆုံးရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၁၁) ကို ဖေဖော်ဝါရီ ၈ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။



YCDC Marga Youth အသင်းနှင့် 7 Brother အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ပွဲစဉ် (၁၁) တွင် TG United အသင်းက KKY အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ Pacific Sun Far အသင်းက Black Cross အသင်းကို ရှစ်ဂိုး-သုံးဂိုး၊ Gold Dream အသင်းက JZ Yangon အသင်းကို ငါးဂိုး-နှစ်ဂိုး၊ YCDC Marga Youth အသင်းက 7 Brother အသင်းကို သုံးဂိုးပြတ်၊ 7 Dragon အသင်းက Maryar အသင်းကို ခုနစ်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရပြီး လက်ဝဲသုန္ဒရအသင်း နှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က လေးဂိုးစီသရေကျခဲ့သည်။ ပထမအကျော့အပြီးတွင် TG United အသင်းက ၂၇ မှတ်၊ Pacific Sun Far အသင်းနှင့် 7 Dragon အသင်းတို့က ၂၃ မှတ်စီ၊ Black Cross အသင်းက ရမှတ် ၂၀၊ Gold Dream အသင်းက ၂၁ မှတ်၊ JZ Yangon အသင်းက ၁၉ မှတ်၊ YCDC Marga Youth အသင်းက ၁၅ မှတ်၊ KKY အသင်းက ၁၁ မှတ်၊ လက်ဝဲသုန္ဒရအသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်းတို့က ရှစ်မှတ်စီ၊ 7 Brother အသင်းနှင့် Maryar အသင်းတို့က ခြောက်မှတ်စီ ရရှိထားသည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်(၄၅/သံဒင်း)၊ လူနေရပ်ကွက်အမှတ်(၂၀)ရပ်ကွက်၊ ပေါ်တော်မူလမ်း၊ အမှတ်(၅၆၅/က)ဟုခေါ်တွင်သော (၂၀ပေx ၆၀ပေ) အကျယ်အဝန်း၊ (၁၂၀၀)စတုရန်းပေရှိ ဒေါ်အောင်အမည်ပေါက် ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးရန်ရှင်းကိုကို [၁၂/ရပသ(နိုင်)၁၀၄၆၈၉] ကိုင်ဆောင်သူသည် အရပ်ကတိဆက်စပ်စာချုပ်များဖြင့် ဝယ်ယူကာ မိမိတစ်ဦးတည်းသာလျှင်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ဦးရန်ရှင်းကိုကို [၁၂/ရပသ(နိုင်) ၁၀၄၆၈၉] ကိုင်ဆောင်သူသည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝေဖြိုးစံ [၁၂/အစန (နိုင်)၁၈၈၅၇၈]ထံသို့ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပြတ်ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါ သည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝေဖြိုးစံ [၁၂/အစန(နိုင်)၁၈၈၅၇၈]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြဒါလီအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၄၈၆)**
**အမှတ်(၈၀၇)၊ သာစည်လမ်း၊ (၁၀/၃၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း- ၀၉-၂၅၈၃၁၇၂၇၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ်(ဏ/၁၄)၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀ ၊ မြေကွက်အမှတ်-၂၄/က၊ အကျယ် (အလျား ပေ၂၀ x အနံ ပေ ၆၀)၊ ဧရိယာ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကွယ်လွန်သူဖခင် ဦးကျော်ချောင်အလီ အမည်ပေါက် အမည်ပေါက်ပိုင်ဆိုင်သော ပစ္စည်းများဖြစ်ကြောင်းနှင့် ဦးကျော်ချောင်အလီနှင့် မိခင် ဒေါ်ခင်လှတို့သည် ကွယ်လွန်ခဲ့ပြီးဖြစ်၍ ယခုအခါ ကွယ်လွန်သူမိဘများ၏အမွေခံ သားသမီးများဖြစ်သော ၁။ ဦးခင်ထွန်း၊ ၂။ ဦးကျော်ထွန်း၊ ၃။ ဒေါ်ယဉ်ယဉ်လှတို့ကသာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ၎င်းတို့မှတစ်ပါး အခြားအမွေစားအမွေခံ တစ်ဦးတစ်ယောက်ကမျှ ကျန်ရှိခဲ့ခြင်းမရှိကြောင်း ပြောဆိုလာကြသူ ၁။ ဦးခင်ထွန်း၊ ၂။ ဦးကျော်ထွန်း၊ ၃။ ဒေါ်ယဉ်ယဉ်လှတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာချက်ပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်မာတိကျသော စာရွက်စာတမ်းအထောက်အထားများ နှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်လှိုင် (LL.B., D.B.L.) တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၄၇)**
**အမှတ်-၅၁၉၊ ပန်းခြံစု(၁)လမ်း၊ ဗီးကုန်းပန်းခြံစုရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၀၉-၂၅၀၅၄၉၄၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၁)၊ သော်ကအတွင်းလမ်း၊ မြေကွက်အမှတ်(၆၈၅)၊ ဒေါ်သင်းသင်းကြူ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၊ မြေအကျယ်အဝန်း(၂၅ × ၅၀) ပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်း တွဲ၊ (၆)ထပ်တိုက် အဆောက်အဦ၏ (တတိယအထပ်)၊ (၄လွှာ)(ခေါင်းရင်းခြမ်း) တိုက်ခန်း အကျယ်အဝန်း(၁၂ ၁/၂ × ၅၀)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုတရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးကိုကိုနိုင်(၁၂/ဥကမ(နိုင်) ၂၀၀၆၁၁) ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ကြည်နွဲ့(ခ)ဒေါ်ခင်နွဲ့နိုင် (၅/စကန(နိုင်) ၀၂၃၇၄၉)က အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရရှိ ပိုင်ဆိုင်ပြီး ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ကြည်နွဲ့(ခ)ဒေါ်ခင်နွဲ့နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်နော်စေးရာလ်(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၄၈၉၆၂)
အမှတ်(၉၆)၊ မေယု(၃)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉-၄၀၈၈၇၅၆၀၈၉။

## သက်ဆိုင်သူနှင့် အများသိစေရန်

လူကြီးမင်း ဦးဇော်စိုးညွှန့် [၇/ပခန (နိုင်) ၂၁၅၆၅၆] ခင်ဗျား

လူကြီးမင်းသည် ၁၀-၉-၂၀၂၄ ရက်နေ့မှ ဥယျာဉ်ခြံမြေအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်အရ အပိုင်ဝယ်ယူသူနေရာတွင် လူကြီးမင်း၏ နာမည်ဖြင့် အရောင်းအဝယ်ဖြစ်မြောက်ရေးအတွက် လူကြီးမင်းမှ သူငယ်ချင်းမိတ်ဆွေဖြစ်သူ ကိုယ်စားအမည်ခံပြီး ငွေကျပ်သိန်း ၁၀,၀၀၀,၀၀၀/- (ကျပ်သိန်းတစ်ရာတိတိ)ကို စိုက်ထုတ် စရန်ချပေးခဲ့ပါသည်။ လူကြီးမင်း၏ သူငယ်ချင်းမိတ်ဆွေမှ စိတ်အခန့်မသင့်၍ အရောင်းအဝယ်ကိုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်ခြင်းမပြုလုပ်ခဲ့သည်ကို လူကြီးမင်းနှင့် အပေါင်းပါတစ်စု (မှတ်တမ်းဓာတ်ပုံများအရ အသိဆုံးဖြစ်ပါသည်။)

လူကြီးမင်း၏ နစ်နာမှုကို ဂရုစိုက်အလေးထားသည့်အနေဖြင့် လူကြီးမင်းကိုသော်လည်းကောင်း၊ ၎င်းလူကြီးမင်း၏ သူငယ်ချင်းမိတ်ဆွေကိုသော်လည်းကောင်း ယနေ့ထိ ရောင်းချပေးရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သူဇာဝင်းမှ ဆန္ဒရှိပါသည်။

သို့ပါသောကြောင့် လူကြီးမင်းတို့ဘက်မှ အဆိုပါ ဥယျာဉ်ခြံမြေကွက်အား အပြီးသတ်ဝယ်ယူလိုသည့် စိတ်ဆန္ဒရှိသေးပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ ၁၄ ရက်အတွင်း အပြီးသတ်ငွေပေးချေဝယ်ယူပေးပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက လူကြီးမင်းတို့နှင့် ချုပ်ဆိုထားခဲ့သော အရောင်းအဝယ်စာချုပ်အား ပျက်ပြယ်သည်ဟု မှတ်ယူမည်ဖြစ်ပြီး အရောင်းအဝယ်ကို နှောင့်ယှက်ဟန့်တားခြင်းနှင့် နစ်နာစေရန် ကြံရွယ်ပြုလုပ်ခြင်းများရှိလာပါက တည်ဆဲဥပဒေများအရ အရေးယူသွားမည်ဖြစ်ကြောင်း သက်ဆိုင်သူလူကြီးမင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်သူဇာဝင်း [၁၂/ဒပန(နိုင်) ၀၄၆၇၄၂]၏**
**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဝင်းမြင့် (LL.B)** | **ဦးအောင်မျိုးခိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်- ၇၃၀၄/၂၀၀၅)** | **(စဉ်- ၁၈၁၀၅)** |
| **ဖုန်း- ၀၉-၇၈၈၈၉၅၀၄၃** | **ဖုန်း- ၀၉-၉၆၉၃၈၃၇၆၆** |

## တိုက်ခန်း အမြန်ရောင်းမည် ဦးရာလူ

ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းမပေါ်ရှိ

ပထမထပ် ၂၅ ပေ x ၅၀ ပေ

အဆင့်မြင့် ပြင်ဆင်ပြီး

**Ph: 09-5050078 , 09-695150078**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀)ရပ်ကွက်၊ ကွေ့မ နှစ်ထပ်လုံးချင်းအိမ်ရာစီမံကိန်းရှိ နှစ်ထပ်လုံးချင်းတိုက်အမှတ် (၅B)အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါက်တာစိုးဝင်း [၁၂/ရကန(နိုင်) ၀၁၆၆၃၈]က ၎င်းအမည်ဖြင့် မြေငှားစာချုပ်ထုတ်ယူခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသည်။ ထုတ်ပေးရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဗမာအေး)၊ မြေကွက်အမှတ်(၄၁)၊ အဆောက်အဦအမှတ်(၄၁)၊ ဗညားဒလလမ်း၊ ဗမာအေးရပ်ကွက်၊ အကျယ်အဝန်း (၂၅x၅၀)ပေရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ၏ တတိယထပ်(၄-လွှာ/ခြေရင်းခြမ်း) တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစား ခွင့်အရပ်ရပ်အားလုံးကို ကန်ထရိုက်တာအကျိုးခံစားခွင့်ဖြင့် တရားဝင်ပိုင်ဆိုင်ထားသူ ရောင်းသူကန်ထရိုက်တာ **ဦးမောင်လှ [၁၂/ဗတထ(နိုင်) ၀၃၀၀၆၄]** မိမိမှတရားဝင်ပိုင်ဆိုင်လက်ရှိအကျိုးခံစားခွင့်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်ကေသီဝင်း [၁၄/ဘကလ (နိုင်) ၂၉၀၃၄၀]**မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကေသီဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးသီတာကျော် (LL.B.,D.I.L.)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ် - ၁၉၅၅၀**
**အမှတ် (၂၂၄)၊ (၁၃)လမ်းထိပ်၊ယမုံနာ(၁)ရပ်ကွက်၊ဒေါပုံမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၂၅၃၅၁၁၇၂၉**

## ကိုထွန်းထွန်းဝင်း (ခ) အက်ဗဲရှားဟ် (ဘ) ဦးချစ်ထွန်း (ခ) မူဟမ္မဒ် ရှရစ်ဖ် သိစေရန်

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အောက်ကျင်းရပ်ကွက်၊ ကန်ညီနောင်လမ်း၊ အမှတ်(၁၀၃၈)နေ ဦးအဗ်ဒွရ်ဘာရိုက်၏ သမီးဖြစ်သူ မဝင်းအိအိဖြိုး (ခ) ဟိုမိုင်ရာဟ်ဘီမှ မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)၌ အိမ်ထောင်ရေးကိစ္စနှင့်စပ်လျဉ်း၍ ကွာရှင်းလိုမှုတိုင်ကြားလျှောက်ထားလာပါသဖြင့် လျှောက်ထားခြင်းခံရသူ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ကြက်တူရွေးသောင် ကျေးရွာနေ ဦးချစ်ထွန်း၏ သားဖြစ်သူ ကိုထွန်းထွန်းဝင်း (ခ) အက်ဗဲရှားဟ်အနေဖြင့် လာရောက်ဖြေရှင်းနိုင်ရန်အတွက် အောက်ပါအတိုင်း ဆင့်ခေါ်ဖိတ်ကြား ချိန်းဆိုအပ်ပါသည်။ အကယ်၍ ချိန်းဆိုသည့်နေ့ရက်တွင် လူကြီးမင်းအနေဖြင့် လာရောက်ဖြေရှင်းဆောင်ရွက်ခြင်းမရှိပါက လျှောက်ထားစာအပေါ် တရားတော်နှင့်အညီ ဆုံးဖြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို တစ်ပါတည်းသိစေအပ်ပါသည်။

| | | |
|---|---|---|
| တွေ့ဆုံရမည့် နေ့ရက် | - | (၁၆-၂-၂၀၂၅)၊ (တနင်္ဂနွေနေ့) |
| ဆွေ့ဆုံရမည့် အချိန် | - | မွန်းလွဲ (၂:၀၀) နာရီတိတိ။ |
| တွေ့ဆုံရမည့် နေရာ | - | အမှတ်(၁၀/၁၂)၊ ဗိုလ်တထောင်လမ်းသွယ်(၁)၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |

**ဦးကျော်ကျော်(ခ)ဦးခင်ထွန်း**
**အထွေထွေအတွင်းရေးမှူးချုပ်**
**အစိုးရအသိအမှတ်ပြုအမိန့်စာအစစ်ရှိ**
**မြန်မာနိုင်ငံလုံးဆိုင်ရာမော်လဝီအဖွဲ့ချုပ်(ဗဟို)**
**Ph: 09-456662226**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄/တောင်၊ မြေကွက်အမှတ်- ၆၆၅/ခ၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာ- အမှတ်(၆၆၅/ခ)၊ မြို့မလမ်း၊ ၄/တောင်ရပ်ကွက်၊ သာကေတမြို့နယ် ဦးတင်ထွန်း [၁၂/သကတ(နိုင်)၀၇၄၆၄၆]၊ ဒေါ်တင်အေး [၁၂/သကတ(နိုင်) ၀၇၅၃၇၉] အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်တင်အေး (ဇနီး) ကွယ်လွန်သဖြင့် ခင်ပွန်းဖြစ်သူ/ကျန်ပူးတွဲအမည်ပေါက်တစ်ဦးလည်းဖြစ်သူ ဦးတင်ထွန်း [၁၂/သကတ(နိုင်)၀၇၄၆၄၆]မှ ကွယ်လွန်သူဇနီးနှင့် မိမိတို့သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ် ကြသူများ ဖြစ်သည့်အားလျော်စွာ ဇနီးကွယ်လွန်ပြီးနောက် အထက်ပါမြေနှင့်အိမ်ကို ခင်ပွန်းဖြစ်သူမိမိတစ်ဦးတည်းသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူဖြစ်ပြီး ကွယ်လွန်သူ ဇနီး၏ အစုကိုလည်း မိမိမှလွဲ၍ အခြားသော အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မှမရှိပါကြောင်း ကွယ်လွန်သူဇနီးတွင် မိမိမှလွဲ၍ အခြားခင်ပွန်းတစ်ဦးတစ်ယောက်မျှ မရှိပါကြောင်းနှင့် တစ်ဦးတည်းသော တရားဝင်ခင်ပွန်းဖြစ်သည်မှာ မှန်ကန်ပါကြောင်း အထက်ဖော်ပြပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်းတို့လည်း မရှိပါကြောင်း၊ မိမိ၏လက်ဝယ်တွင်ရှိပြီး လက်ရှိနေထိုင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဒေါ်တင်အေး (ဇနီး)၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကင်း၊ ပညာဝတီရိပ်သာ ဣစ္ဆာသယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပညာဝတီရိပ်သာကျောင်းတိုက်အတွင်း **ကျေးဇူးရှင် ပညာဝတီဆရာတော်ဘုရားကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသီရိ**၏ အဓိဋ္ဌာန်ဖြင့် တည်ထားကိုးကွယ်တော်မူခဲ့သော ဓာတ်တော်ပေါင်း (၈၄၀၀၀)တို့၏ကိန်းဝပ်ရာ **"ဣစ္ဆာသယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး"**အား နှစ်စဉ်ကျင်းပမြဲဖြစ်သော **"ဗုဒ္ဓပူဇနီယပွဲတော်၊ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲ"** ပြုလုပ်သောအချိန်၌ ဘုရားအမှူးရှိသော သံဃာတော် (၃၈)ပါးတို့အား မိမိတို့ စိတ်စေတနာ သဒ္ဓါတရားထက်သန်သလောက် သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆွမ်းဆန်စိမ်း စသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို ရည်သန်သမှု အာရုံပြုပြီး စုပေါင်းလှူဒါန်းလိုပါသောကြောင့် **၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း (၁၄)ရက် (၁၁-၂-၂၀၂၅) အင်္ဂါနေ့ ညနေ (၃) နာရီမှ (၈)နာရီအချိန်** တွင် ဣစ္ဆာသယ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား သစ်သီးဆွမ်း၊ မုန့်ဆွမ်း၊ ပန်း စသည်တို့ဖြင့် ဆွမ်းတော်ကြီးကပ်လှူပူဇော်မည်ဖြစ်ပါသည်။

**၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်နေ့ (၁၂-၂-၂၀၂၅) ပြည်ထောင်စုနေ့ ညနေ (၄:၃၀)နာရီ**အချိန်တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော် (၃၈)ပါးတို့အား သင်္ကန်း၊ ထီး၊ ဖိနပ်၊ ဆွမ်းဆန်စိမ်း၊ နဝကမ္မဝတ္ထုငွေစသော အမျိုးမျိုးသော လှူဖွယ်ဝတ္ထုအစုစုတို့ကို သဒ္ဓါကြည်လင် ပါရမီရှင် ပဋ္ဌာန်းဆက်ရှိသူ အပေါင်း သူတော်ကောင်းတို့အား လာရောက်ပြီး လှူဒါန်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်ကိုးပြီး တိုက်တွန်းနှိုးဆော် ဖိတ်ကြားအပ်ပါသည်။

**အကျိုးဆောင်အဖွဲ့**
**ပညာဝတီရိပ်သာ၊ ရန်ကင်း**

မြေကွက်များ ဝယ်လိုသည်
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း/ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။
အိမ်အရောက် ငွေချေစနစ် (ပွဲခ) ပေးရန်မလိုပါ။
09254118190
09898580954

## မြေညီတိုက်ခန်းကျယ် အမြန်ရောင်းမည်

စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်းကျယ်ပေါ်ရှိ Mini Condo မြေညီထပ်၊ ထပ်ခိုးပါ (ပေ ၂၈ x ပေ ၇၀) အမြင့် (၁၉ ပေ) အမြန်ရောင်းမည်။

သိန်း(၉၅၀၀) ညှိနှိုင်း

**စုံစမ်းရန်-09-786499745,09-971916764**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၆/၂၊မြေကွက်အမှတ်- ၂၄၄/ခ၊ မြေကွက်တည်နေရာအမှတ်-၂၄၄/ခ၊ အေးရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးအေး [၁၂/သဃက(နိုင်) ၀၂၂၅၉၉] အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးအေး (ဖခင်)နှင့် ဒေါ်အေးရွှေ(မိခင်)တို့ အသီးသီး ကွယ်လွန်ကြသဖြင့် ဒေါ်ဥမ္မာ[၁၂/ဥကတ(နိုင်) ၁၉၀၆၆၆]၊ ဒေါ်သက်သက်မာ [၁၂/သဃက (နိုင်) ၀၀၅၈၅၁]၊ ဒေါ်သန်းသန်းနိုင် [၁၂/သဃက (နိုင်) ၀၃၆၃၀၈]တို့မှ တရားဝင် အမွေဆက်ခံခွင့်ရှိသည့် သမီးများ တော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ အမှတ်- ၅၁၂/၂၀၂၄ (၃၀-၇-၂၀၂၄)၊ သေစာရင်း၊ အိမ်ထောင်စု စာရင်း၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါက တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊နွယ်သာကီ(၆)လမ်း၊ မြေကွက်အမှတ်(၃၅၀)၊ **ဒေါ်မြမြဝင်း** အမည်ပေါက် နှစ်(၆၀) ဂရန် မြေကွက် မြေအကျယ်အဝန်း(၄၀ × ၆၀) ပေအနက်မှ မြေအကျယ်အဝန်း(၁၀×၆၀)ပေရှိ (ခြေရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်မြမြဝင်း(၁၂/ဥကမ(နိုင်) ၀၄၄၈၇၆)**ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ**ဦးကံမြိုင်(၉/ညဥန (နိုင်)၁၃၄၀၀၆)** နှင့်**ဒေါ်ထားထားနွယ်(၉/ကပတ(နိုင်) ၁၄၁၂၀၄)** တို့မှအပြီးအပိုင်ဝယ်ယူ၍လက်ရောက်ရရှိပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ -
**ဒေါ်နော်စေးရာလ်(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၄၈၉၆၂)
အမှတ်(၉၆)၊ မေယု(၃)လမ်း၊ (က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၉-၄၀၈၈၇၅၆၀၈၉။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၃၊ မြေကွက်အမှတ်- ၁၁၃၅ ၊ မြေကွက်တည်နေရာအမှတ်- ၁၁၃၅၊ ဖွဲကပင်လမ်း၊ ၄၃-ရပ်ကွက်၊ ဒဂုံမြောက်၊ ဒေါ်စပါယ်ဝတ်ရည် [၁၂/ဗဟန(နိုင်) ၀၉၃၃၄၁] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဒေါ်စပါယ်ဝတ်ရည်အား တရားပြိုင်ထားကာ ဦးစိုးမျိုးဦးမှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်တရားရုံးတွင် တရားမကြီးမှုအမှတ်- (၉၀/၂၀၂၄)ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၃- ၈-၂၀၂၄)ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ် (၇၆/၂၀၂၄)တို့အရ တရားရှုံးကိုယ်စား ဘီလစ် ဒေါ်လဲ့လဲ့ခိုင် [၁၃/တကန(နိုင်) ၀၀၃၄၁၉] မှ တရားရုံး အမိန့်၊ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်ကတ်တို့တင်ပြ၍ ဘီလစ် ဒေါ်လဲ့လဲ့ခိုင်မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေပြင်ကွင်းဆင်းစစ်ဆေးရာ တစ်ထပ်အုတ်ညှပ်တိုက် တစ်လုံးရှိပြီး တရားနိုင် ဦးစိုးမျိုးဦးနေထိုင်ကာ ကွင်းဆင်းဖောင်တွင် ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဘီလစ် ဒေါ်လဲ့လဲ့ခိုင်မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသာကောင်း [၁၂/လသန(နိုင်)၀၂၀၂၇၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေသည် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နေသူတစ်ဦး ဖြစ်ပါသည်။ အင်တာနက် လူမှုကွန်ရက်ပေါ်ရှိ Facebook, Youtube, Viber, Tik Tok, Telegram, Website နှင့် အခြားသော Social Media များပေါ်တွင် ကျွန်ုပ်မိတ်ဆွေ၏ ဓာတ်ပုံများအသုံးပြု၍ မမှန်မကန်ရေးသားဖော်ပြခြင်း၊ ဖြန့်ဝေခြင်းများ၊ မမှန်သတင်းများကို ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ လူမှုပတ်ဝန်းကျင်တွင် ဖြစ်စေ၊ Social Media များတွင်ဖြစ်စေ ပြောဆိုခြင်း၊ ဖြန့်ဝေခြင်း လုံးမပြုလုပ်ကြရန် ဤကြေညာချက်ဖြင့် သတိပေးတားမြစ်လိုက်သည်။

အကယ်၍ ကျွန်ုပ်မိတ်ဆွေနှင့် ၎င်း၏မိသားစုအပေါ် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အီလက်ထရောနစ်ဆက်သွယ်ရေး နည်းပညာတစ်ခုခု အသုံးပြုပြီး မမှန်မကန် ရေးသားဖော်ပြခြင်းများ ဆက်လက်ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသာကောင်း [၁၂/လသန(နိုင်)၀၂၀၂၇၁]၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နန်းနီလာချစ်ဆွေ (LLB, D.BL, D.IL, D.IPL)**
**အထက်တန်းရှေ့ နေ (စဉ် -၃၉၅၆၁)**
**ပထမထပ်၊ အမှတ် (၆၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၅၅၄၉၁၂၄၄၊ ၀၉-၂၅၄၅၄၇၁၂၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၇)၊ မြေကွက်အမှတ်(၁၀၄၈)၊ မြပုလဲသွယ်လမ်း၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)၊ (၂၄၀၀) စတုရန်းပေရှိ **ဒေါ်ခင်ယုမော် (LMDW-၀၀၅၅၃၇)** အမည်ပေါက် ပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **လျှုတိန်ချောင်(ခ) ဦးအောင်ထွန်းဝင်း[၁၂/ကတတ(ဧည့်)၀၀၀၄၉၃]**မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မွန်မွန်ချို (LL.B) ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈) အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**
**အမှတ် (၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## မအေးချမ်းမြတ်နှင့် မမေသူခင်တို့အား အနူးအညွတ်တောင်းပန်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ကျိုက္ကဆံ အနောက်ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်(၁၉၁)တွင် နေထိုင်သူ Ri In Rangoon account ပိုင်ရှင် မသီရိမောင်မောင်ကျော် [၁၂/သဃက(နိုင်)၁၈၄၅၂၉] နှင့် စွမ်းပြည့်မောင်မောင် [၁၂/သဃက(နိုင်)၂၁၁၃၈] တို့မှ အောက်ပါအတိုင်း တောင်းပန်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်မ မသီရိမောင်မောင်ကျော်သည် လူမှုကွန်ရက် စာမျက်နှာ Facebook ပေါ်တွင် Thiri Maung Maung Kyaw နှင့် Ri In Rangoon အမည်တို့ဖြင့် Facebook Account များကို သုံးစွဲကာ နိုင်ငံခြား မှ ပစ္စည်းများကို Online မှ ရောင်းချနေသူဖြစ်ပါသည်။ ကျွန်မထံမှ ပစ္စည်းများစွာကို ဝယ်ယူအားပေးခဲ့သော မအေးချမ်းမြတ်နှင့် မမေသူခင်တို့အပေါ် ၎င်းတို့၏အမည်များ အသုံးပြု၍ လည်းကောင်း၊ မမေသူခင်၏ Profile နှင့် Biography များ အသုံးပြု၍ ၎င်းတို့မိသားစု၏ ဂုဏ်သိက္ခာကျဆင်းစေသော စကားလုံးများဖြင့် ရေးသားကာ Public ဖြင့် My day ၊ Post များ အကြိမ်ကြိမ်တင်ခဲ့မိပါသည်။ မောင်စွမ်းပြည့်မောင်မောင်ကလည်း အစ်မ ဖြစ်သူ မသီရိမောင်မောင်ကျော်၏ Post ကို ပြန်လည်Share ခဲ့မိပါသဖြင့် မိမိတို့၏ အမှားများအတွက် ခွင့်လွှတ်ပေးပါရန် ကျွန်တော်၊ ကျွန်မတို့မှ ဤသတင်းစာမှ တစ်ဆင့်အနူးအညွတ် တောင်းပန်ကြောင်း မမေသူခင် မိသားစုနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**မသီရိမောင်မောင်ကျော်နှင့် မောင်စွမ်းပြည့်မောင်မောင်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၇၊ ၈၊ ၉၊ ၁၀(သမိုင်း)၊ လူနေရပ်ကွက်အမှတ်–သီရိမွန်–၂၊ မြေကွက်အမှတ်(၂၁၃)၊ ဧရိယာ(၀.၁၇)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆)၊ ကံ့ကော်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သည့် (၁)ဦးကျော့လင်း (ခ) လင်ရှင်လင်း (ဘ)ဦးချစ်လှ (၁၂/လသန(ဧည့်)၀၀၀၅၄၉)၊ (၂) ဒေါ်အေးအေးခိုင်(ခ)တန်ရွှတ်ဂိုဲ(ဘ)ဦးတန်ဆင်ဘွေ (၁၂/လသန(နိုင်)၀၁၇၈၈၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် (၇–၂–၂၀၂၅) ရက်နေ့တွင် ရောင်းဘိုးငွေ၏ ထက်ဝက်ကျော်ကို စရံငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက် ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ၊ ယှဉ်တောင်၍ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ချို(စဉ်–၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉–၄၃၀၈၈၅၄၉

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ အနောက်ပိုင်းခရိုင်၊ လမ်းမတော်မြို့နယ်နေ ဦးထွန်းလင်း [၁၂/လမတ(နိုင်)၀၀၁၃၃၁] + ဒေါ်ဝင်းဝင်းကျော် [၈/ဆမန(နိုင်)၀၂၉၅၄၀] တို့၏သား မောင်လွင်မင်းရှိန် [၁၂/မဘန(နိုင်)၁၈၄၃၂၇] သည် ခွင့်မလွှတ်နိုင်သော အမှုကိစ္စများကို ပြုလုပ်သွားပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း နောက်နောင်တွင် မောင်လွင်မင်းရှိန်နှင့် ပတ်သက်သည့်ကိစ္စအားလုံးကို ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။
စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးထွန်းလင်း [၁၂/လမတ(နိုင်)၀၀၁၃၃၁] +**
**ဒေါ်ဝင်းဝင်းကျော် [၈/ဆမန(နိုင်)၀၂၉၅၄၀]**

## သား/တူအဖြစ်မှ အမွေပြတ်အပြီးအပိုင် စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အရှေ့(၇)ရပ်ကွက်၊ ရောဝဏ်လမ်းနေ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်မိုးမိုး[၁၂/ဗတထ(နိုင်)၀၁၈၀၃၁]၏သား၊ ဒေါ်ခင်အေးအေး [၁၂/ဗတထ(နိုင်)၀၁၈၀၁၀]၏ တူဖြစ်သည့် မောင်ရဲရင့်ထွန်း [၁၂/သကတ(နိုင်)၁၈၀၀၈၆]သည် မိခင်နှင့်အဒေါ်တို့၏ ဆိုဆုံးမမှုကို အကြိမ်ကြိမ် နာခံခြင်းမရှိဘဲ မိခင်နှင့် အဒေါ်တို့အား ဂုဏ်သိက္ခာကျဆင်းပြီး အရှက်ရအောင် ၎င်း၏ သဘောဆန္ဒအလျောက် ပြုမူဆောင်ရွက်ခြင်း၊ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်စေရန် နည်းအမျိုးမျိုးဖြင့် ပြုလုပ်ခဲ့ပါသည်။ ထို့ကြောင့် မောင်ရဲရင့်ထွန်းအား ဤကြော်ငြာပါသည့်ရက်မှစ၍ သား/တူအဖြစ်မှ အမွေပြတ် အပြီးအပိုင်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော လူမှုရေး၊ စီးပွားရေး၊ ငွေကြေးအရှုပ်အရှင်းကိစ္စအဝဝတို့ကို ကျွန်ုပ်၏မိတ်ဆွေများမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း မောင်ရဲရင့်ထွန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုး၊ ဒေါ်ခင်အေးအေးတို့၏ ညွှန်ကြားချက်အရ –**
**ဒေါ်သဲဖူးဝေနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၅၆၆/၃၁–၁၀–၂၀၂၃)**
**အမှတ်(၅၃၁)၊ ငမိုးရိပ်(၄)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုပွဲအခမ်းအနား ဖိတ်ကြားလွှာ

၁။ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၏ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုပွဲ အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း MCC ခန်းမ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသဖြင့် ညီလာခံကိုယ်စားလှယ်များ၊ အသင်းသူ/အသင်းသားများ အနေဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်းထံသို့ ဖိတ်စာရသည်ဖြစ်စေ၊ ဖိတ်စာမရသည်ဖြစ်စေ (မပျက်မကွက်) တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်–

ကျင်းပမည့်နေ့ရက် – ၂၂–၂–၂၀၂၅(စနေနေ့)
၂၃–၂–၂၀၂၅(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် – နံနက် (၈ : ၀၀) နာရီမှ (၄ : ၀၀) နာရီထိ
ကျင်းပမည့်နေရာ – MCC ခန်းမ၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း**

## "တစ်ဦးတည်း၏ နာမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေ မောင်အောင်နိုင်မွန် [၁၀/သဖရ(နိုင်)၂၁၆၅၆၉] ၏ လွှဲအပ်ညွှန်ကြားချက်အရ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ အောင်ချမ်းသာလမ်းသွယ်နေ မောင်အောင်နိုင်မွန်၏ ဖခင်ဖြစ်သူ ဦးဝင်းထွန်း (ခ) ဦးနှဲသဟဲသည် ကျွန်တော့်ဖခင်တစ်ဦးတည်း၏ အမည်များဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သန့်ဇင်ဦး (LL.B , D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၉၂)**
**အမှတ်–၃၅၇/ခ၊ ထားဝယ်လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၄၈၀၄၁၅၉၈**

## "တစ်ဦးတည်း၏ နာမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေ မောင်အောင်နိုင်မွန် [၁၀/သဖရ(နိုင်)၂၁၆၅၆၉]၏ လွှဲအပ်ညွှန်ကြားချက်အရ မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ အောင်ချမ်းသာလမ်းသွယ်နေ (ဘ) ဦးဝင်းထွန်း၏ သားဖြစ်သူ အောင်နိုင်မွန် (ခ) Aung Sneh Mon သည် ကျွန်တော် တစ်ဦးတည်း၏ နာမည်များဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သန့်ဇင်ဦး (LL.B , D.B. L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၃၃၉၂)**
**အမှတ်–၃၅၇/ခ၊ ထားဝယ်လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၄၈၀၄၁၅၉၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် (26–F5)၊ မြေကွက်အမှတ်(၇၇)၊ ဧရိယာ(၀.၀၂၉)ဧက၊ မြေကွက်တည်နေရာ– အမှတ်(၉)၊ သာခုလမ်း၊ သာခုအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဒေါ်ရင်မြ[၁၂/ကမတ(နိုင်)၀၀၅၂၉၈]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပါသည်။ ယင်းမြေကွက်အား အမည်ပေါက်(မိခင်) ဒေါ်ရင်မြသည် (၂၁–၁၀–၂၀၀၅) ရက်နေ့နှင့်(ဖခင်)ဦးတင်ရွှေသည်(၁–၁၀–၁၉၉၁)ရက်နေ့တို့တွင် ကွယ်လွန်ပါကြောင်း၊ ကွယ်လွန်သူ ဖခင်တင်ရွှေနှင့် မိခင်ဒေါ်ရင်မြတို့တွင် သားသမီးအရင်းများအဖြစ် ဒေါ်မော်မော်၊ ဒေါ်ချိုချိုမာ၊ ဒေါ်သန်းသန်းဆိုင်၊ ဒေါ်လီလီသန်း၊ ဒေါ်ရီရီသန်း၊ ဒေါ်အေးအေးကြိုင်၊ ဒေါ်အေးအေးခိုင်၊ ဦးဝင်းမြင့်၊ ဒေါ်မိုးမိုး၊ ဒေါ်စိုးစိုး၊ ဒေါ်ချိုချိုစန်းတို့မောင်နှမ(၁၁)ဦးတည်းကိုသာ မွေးဖွားခဲ့ပါကြောင်း၊ အခြားသော သားသမီး/မွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အမွေစားအမွေခံကိတ္တိမ သား/သမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ ၎င်းတို့၏မောင်နှမ(၁၁)ဦးအနက် အစ်မ/ ညီမဖြစ်သူ ဒေါ်မော်မော်သည်(၂–၆–၂၀၁၈)ရက်နေ့နှင့် ဒေါ်ချိုချိုမာသည် (၂၃–၁–၂၀၂၀) ရက်နေ့တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်ပါကြောင်း၊ ဒေါ်မော်မော်နှင့် ဒေါ်ချိုချိုမာတို့တွင် ကိတ္တိမ သား/သမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း၊ ၎င်းတို့မိသားစုသည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်သည့်အားလျော်စွာ (မိခင်)ဒေါ်ရင်မြ၊ ဖခင် တင်ရွှေနှင့် အစ်မ/ညီမဖြစ်သူ ဒေါ်မော်မော်နှင့် ဒေါ်ချိုချိုမာတို့ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျန်ရစ်သူ သားသမီးအရင်းများဖြစ်ကြသော ၎င်းတို့မောင်နှမ(၉)ဦးတည်းကသာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းတို့(၉)ဦးမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ဒေါ်သန်းသန်းဆိုင် [၁၂/ကမတ(နိုင်)၀၀၄၁၆၅]၊ ဒေါ်လီလီသန်း[၁၂/ကမတ (နိုင်)၀၀၄၈၈၄]၊ ဒေါ်ရီရီသန်း [၁၂/ကမတ(နိုင်)၀၄၆၆၆၂]၊ ဒေါ်အေးအေးကြိုင် [၁၂/ကမတ(နိုင်)၀၀၅၃၀၆]၊ ဒေါ်အေးအေးခိုင် [၁၂/ကမတ(နိုင်) ၀၀၅၁၄၅]၊ ဦးဝင်းမြင့် [၁၂/ကမတ(နိုင်)၀၀၅၂၉၅]၊ ဒေါ်မိုးမိုး[၁၂/ကမတ(နိုင်)၀၀၅၄၂၂]၊ ဒေါ်စိုးစိုး [၁၂/ကမတ(နိုင်)၀၀၅၂၉၆]၊ ဒေါ်ချိုချိုစန်း[၁၂/ကမတ (နိုင်)၀၀၁၀၄၈]တို့က လသာမြို့နယ်တရားရုံးတွင် ကျမ်းကျိန်ဆိုသည့် ကျမ်းကျိန်လွှာအမှတ်–၅/၅၄၆/၂၀၂၅(၂–၁–၂၀၂၅)နှင့် ထောက်ခံကျမ်းကျိန်လွှာ(၂) စောင်၊ သေဆုံးမှုလက်မှတ်၊ နှစ်(၆၀)မြေငှားဂရန်၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ ဒေါ်သန်းသန်းဆိုင်၊ ဒေါ်လီလီသန်း၊ ဒေါ်ရီရီသန်း၊ ဒေါ်အေးအေးကြိုင်၊ ဒေါ်အေးအေးခိုင်၊ ဦးဝင်းမြင့်၊ ဒေါ်မိုးမိုး၊ ဒေါ်စိုးစိုး၊ ဒေါ်ချိုချိုစန်းတို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့် ကွက် နိုင် ကြောင်း ကြော် ငြာ

